# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက် | ၂၀၂၄ ခုနှစ်၊ မေ ၁၀ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၂၁၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် "စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုနယ်မြေ နေပြည်တော် "စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" အခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်သည်။ စာမျက်နှာ ၃ ကော်လံ ၁ ❖

**ယနေ့ ဖတ်စရာ**

**ဒို့ကျေးရွာများဖွံ့ဖြိုးရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး**
ဆောင်းပါး | စာ ၁၀

**ကမ္ဘာ့ဝါဂွမ်းသုံးစွဲမှု၊ စိုက်ပျိုးထုတ်လုပ်မှုနှင့် မြန်မာ့ဝါဂွမ်းသမိုင်း အကျဉ်းချုပ်**
ဆောင်းပါး | စာ ၁၆

**MoU လုပ်သားများကို ထိုင်းနိုင်ငံသို့ လေကြောင်းခရီးစဉ်ဖြင့် နေ့စဉ်ပုံမှန် စေလွှတ်ပေးနေ**
ပြည်တွင်းသတင်း | စာ ၁၇




# ကျောင်းနေအရွယ်တိုင်း ကျောင်းအပ်နှံ

လာမည့် ရက်သတ္တပတ်တစ်ခုကျော်အတွင်း ကလေးများ ကျောင်းအပ်နှံကြရတော့မည်။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးသီတင်းပတ်သည် လာမည့် မေလ ၂၃ ရက်နေ့မှ ဇွန်လ ၂ ရက်နေ့အထိ ဖြစ်ရာ သားသမီးတို့ ပညာသင်နှစ်အစအတွက် မိဘတို့က ပြင်ဆင်ဖွယ်ရှိသည်တို့ကို ပြင်ဆင်ကြရပြီ။

လူမှန်းသိတတ်စကလေးဘဝ ဦးနှောက်မှတ်ဉာဏ်စွမ်းအား ဖွံ့ဖြိုးလာခြင်းနှင့်အတူ လက်ချောင်းကလေးများ စာရေးနိုင်အောင် သန်မာလာသည့်အရွယ် အသက်ငါးနှစ်တွင် ကျောင်းတက်ပညာသင်ယူမှု စတင်ကြခြင်းသည် ကလေးတို့၏ ဘဝခရီးအတွက် ပြင်ဆင်ဖြည့်ဆည်းမှု စတင်ခြင်းပင်ဖြစ်သည်။ နိုင်ငံဘက်မှ ကြည့်မည်ဆိုပါကလည်း ကလေးတစ်ဦး ကျောင်းသို့ဝင်ရောက်လာခြင်းသည် အနာဂတ်နိုင်ငံတော်ကို ဆက်လက်တာဝန်ယူသွားရမည့် မျိုးဆက်သစ်တစ်ဦးအား ပြုစုပျိုးထောင်လေ့ကျင့်မှု စတင်ခြင်းဖြစ်သည်။ ဖိုးသုည၊ မယ်သုညတို့ဖြင့် နိုင်ငံကို မြင့်မားအောင်၊ ကောင်းမွန်အောင် တည်ဆောက်နိုင်မည်မဟုတ်။ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုတို့ပြည့်စုံသူ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်ကသာလျှင် နိုင်ငံ၏ အနာဂတ်အင်အားများဖြစ်သည့်အလျောက် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေး၊ စာသင်ခန်းများအတွင်း ရောက်ရှိရေးသည် အမျိုးသားရေးလည်း ဖြစ်သည်။

“ပညာရေးအခြေခံမကောင်းပါက မိမိအတွက်သော်လည်းကောင်း၊ မိမိဘဝ၊ မိသားစုဘဝနှင့် မိမိပတ်ဝန်းကျင်၊ တိုင်းပြည်နှင့်လူမျိုးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန် မဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် အခြေခံပညာကဏ္ဍတွင် လူငယ်လူရွယ်အားလုံး၊ ကျောင်းနေရမည့်အရွယ်အားလုံး ကျောင်းနေနိုင်ရေးနှင့် ပညာကို ဆုံးခန်းတိုင် သင်ယူနိုင်ရေးသည် အလွန်အရေးကြီးကြောင်း၊ အချိန်မတိုင်မီ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်ကြရပြီး ကျောင်းနှင့်ကင်းကွာ ပညာရေးနိမ့်ကျသည့် လူငယ်များမဖြစ်အောင် တာဝန်ရှိသူများ၊ မိဘများနှင့် ဆရာ၊ ဆရာမများက ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် လိုအပ်သည်ကို မှာကြားလိုကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ရာ ကလေးများအားလုံး စာသင်ခန်းများအတွင်း ရောက်ရှိရေးသည် အရေးကြီးသကဲ့သို့ စာသင်ခန်းများအတွင်းမှ အကြောင်းအမျိုးမျိုးကြောင့် ထွက်ခွာမသွားရေး၊ ပညာရေးဆုံးခန်းတိုင်ရေးကလည်း အရေးကြီးသည်။

ကျောင်းသား ကျောင်းသူ ကလေးလူငယ်များ ပညာရေးလမ်းခုလတ်တွင် စာသင်ခန်းကို ကျောခိုင်းသွားခဲ့ကြခြင်း၏ အကြောင်းရင်းကို ခေါင်းစဉ်အမျိုးမျိုးဖြင့် ပြဆိုသော်လည်း အနှစ်ချုပ်မှာ ဆင်းရဲနွမ်းပါးခြင်းကြောင့်ပင်ဖြစ်သည်။ သို့ရာတွင် ဆင်းရဲ၍ ပညာမသင်နိုင်၊ ပညာမသင်နိုင်၍ ဆင်းရဲဟူသည့် သံသရာထဲသို့ ကျရောက်မသွားစေရန် ဦးစွာပထမ အဓိကအားထုတ်ကြိုးပမ်းကြရမည့်သူများမှာ မိဘများနှင့် ကျောင်းသူကျောင်းသားများပင်ဖြစ်သည်။ မိမိတို့၏ ရင်သွေးငယ်များ မပျက်မကွက် ပညာသင်ယူနိုင်ကြရန်၊ နိုင်ငံတော်က ဖော်ဆောင်ပေးထားသည့် ပညာသင်ယူနိုင်သည့် အခွင့်အလမ်းများကို ကောင်းစွာအသုံးချကာ သားသမီးတို့၏ အနာဂတ်ဘဝခရီး ဖြောင့်တန်းစေရန် အမိအဖတို့က အလေးထားဆောင်ရွက်ပေးရန်လိုသည်။ ကျောင်းသူ ကျောင်းသားတို့ကလည်း ပညာသင်ကြားရမည့်အရွယ်တွင် ပညာကို အပတ်တကုတ်ကြိုးစားကာ ဘဝရည်မှန်းချက်ပန်းတိုင်သို့ မရောက်ရောက်အောင် ဖွဲ၊ လုံ့လ၊ ဝီရိယ၊ ဉာဏ်ပညာတို့ဖြင့် ကြိုးပမ်းလျှောက်လှမ်းကြရမည်ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်လာစေရန် နိုင်ငံသူ၊ နိုင်ငံသားတို့၏ ပညာရည်အဆင့်မြင့်မားဖို့ လိုသည်။ သို့ရာတွင် မိမိတို့နိုင်ငံ၏ ပညာရေးမှာ အားနည်းချက်များစွာ ရှိနေသည့်အလျောက် ပညာရေးမြှင့်တင်မှုကို မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရက ပညာရည်မြှင့်တင်ရေးအဖြစ် KG+ 9 အဆင့်အထိ မဖြစ်မနေသင်ကြားရန် မူဝါဒချမှတ်ဆောင်ရွက်နေပြီး KG+ 9 အောင်မြင်သူများအတွက် ပညာရေးအခွင့်အလမ်းသစ်များကိုဖော်ဆောင်ပေးလျက်ရှိရာ ကျောင်းသားကျောင်းသူတစ်ဦးချင်းစီ၏ ဘဝများ တိုးတက်ကောင်းမွန်ရေး၊ နိုင်ငံတော်၏ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးတို့အတွက် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံနိုင်ကြရန် ဝိုင်းဝန်းနှိုးဆော် ကူပံ့အားပေး အလေးထားဆောင်ရွက်ကြရပါမည့်အကြောင်း။ ။



# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့ သတင်းမီဒီယာအတွေ့အကြုံဖလှယ်ရေးတွေ့ဆုံဆွေးနွေး



**ရန်ကုန် မေ ၉**
မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အတွေ့အကြုံဖလှယ်နိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံးတွင်ကျင်းပရာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ဒေါက်တာ တင်မောင်သန်း၊ ဒေါက်တာမြင့်သူမြိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ဖွဲ့စည်းထားသည့် လူ့အခွင့်အရေးနှင့် ပညာပေးရေးဌာန၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနတို့မှ ဆောင်ရွက်နေရသည့် လူ့အခွင့်အရေးအသိပညာ ဗဟုသုတမျှဝေခြင်းနှင့် ကာကွယ်ပေးခြင်းဆိုင်ရာများကို ဆောင်ရွက်လျက်ရှိရာ ထိုကဲ့သို့ တာဝန်ထမ်းဆောင်ရာတွင် သတင်းမီဒီယာကဏ္ဍနှင့်စပ်လျဉ်း၍ သိကောင်းစရာများကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ပူးပေါင်းဆောင်ရွက်လိုသည့်ကိစ္စနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ဖွင့်လှစ်ပို့ချသည့် သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေး သင်တန်းများတွင်လည်း လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာများ အပြန်အလှန် ပို့ချဆွေးနွေးနိုင်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာ ဥပဒေကျင့်ဝတ်နှင့်အညီ သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ထားဝယ်မြို့၌ လူငယ်နှင့် စာပေဟောပြောပွဲကျင်းပ

**ထားဝယ် မေ ၉**
တနင်္သာရီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်နှင့်စာပေဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ ဇေယျာဘုမ္မိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပသည်။ **(အောက်ပုံ)**



ဟောပြောပွဲတွင် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေလင်းက ကျောင်းသား ကျောင်းသူများအနေဖြင့်ကျောင်းစာအပြင် ပြင်ပ စာပေ၊ ဗဟုသုတများကို ဖတ်မှတ် လေ့လာစေခြင်းဖြင့် အသိပညာ၊ အတတ်ပညာများ တိုးပွားလာမည် ဖြစ်ကြောင်း၊ လူငယ်နှင့်စာပေဆိုင်ရာ ကောင်းကျိုးများ ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောသည်။

ထို့နောက် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ခိုင်က စာပေဖတ်ရှုခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဆောင်ရွက်ပေးနေသည့် ပြည်သူ့အကျိုးပြု လုပ်ငန်းများကို အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင် က စာအုပ်စာပေဖတ်ရှုခြင်းမှ ရရှိလာသည့် အကျိုးကျေးဇူးများအကြောင်းကို အသိပညာပေးဟောပြောပြီး ကျောင်းသားကျောင်းသူများက ခင်းကျင်းပြသထားသည်များကို ကြည့်ရှုကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တောင်ငူမြို့၏ နှစ်တစ်ရာကျော်မှ ရှားပါးမှတ်တမ်းဓာတ်ပုံများ လာရောက်လှူဒါန်း

**တောင်ငူ မေ ၉**
ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင် ပြည်သူ့စာကြည့်တိုက်တွင် ပြည်သူများ ကြည့်ရှုလေ့လာနိုင်စေရန်ရည်ရွယ်၍ တောင်ငူမြို့ ရခိုင်စုရပ်ကွက် ဗိုလ်မှူးဖိုးကွန်းလမ်းနေ ဒေါက်တာမြသောင်း (အငြိမ်းစား ဆေးရုံအုပ်ကြီး၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီး၊ ရန်ကုန်မြို့)က နှစ်တစ်ရာကျော်မှ တောင်ငူမြို့၏ ရှားပါးမှတ်တမ်းဓာတ်ပုံ (၆"x ၈") ခြောက်ပုံ၊( ၈"x ၁၀") ၁၄ ပုံ၊ (၈"x ၁၂")နှစ်ပုံ၊ (၁၀"x ၁၂") ရှစ်ပုံ စုစုပေါင်း ၃၀ (ဘောင်ခတ်ပြီး) ကို လာရောက်လှူဒါန်းသည်။ **(ယာပုံ)**

အဆိုပါ မှတ်တမ်းဓာတ်ပုံများသည် ၁၈၆၄ မှ ၁၉၂၀ ပြည့်နှစ်အတွင်း တောင်ငူမြို့၏ ရှားပါးမှတ်တမ်း ဓာတ်ပုံများကို စုဆောင်း ရရှိထားခြင်းဖြစ်ပြီး ကေတုမတီမြို့တည် နန်းတည်နှစ် ၅၀၀ ပြည့်ပွဲတော်များတွင် ပြသခဲ့သော မှတ်တမ်းဓာတ်ပုံများဖြစ်ကြောင်းနှင့် လာရောက်လှူဒါန်းသည့် အလှူရှင်ဒေါက်တာမြသောင်းသည် ရှေးဟောင်းသမိုင်းနှင့် စာပေများကို (သောင်း-ကေတု) ကလောင်အမည်ဖြင့် ရေးသားထုတ်ဝေနေသူ တစ်ဦးဖြစ်ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**



- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၉**
နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **မိုး/ဇလ**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်မှ ကျောင်းသား၊ ကျောင်းသူများ၏ “ပညာဘဏ်တိုက် စာကြည့်တိုက်သို့သွားကြစို့” တေးသီချင်းဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး မိသားစုမှ အလှူငွေများ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ စာကြည့်တိုက်အဆောက်အဦများ တိုးချဲ့ဆောက်လုပ်နိုင်ရေးအတွက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပေးအပ်လှူဒါန်းစဉ်။

**❖ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများနှင့် စာအုပ်စာစောင်များ လှူဒါန်းခဲ့ကြသည့် အလှူရှင်များအားလုံး၏ လှူဒါန်းမှုသည် စဉ်ဆက်မပြတ်သည့်၊ မွန်မြတ်သည့် အသိပညာဒါန အလှူဖြစ်သည့်အတွက် ဘဝတစ်သက်တာ အထောက်အကူပြုသော လှူဒါန်းခြင်းဖြစ်သဖြင့် အထူးပင်ကျေးဇူးတင်ရှိ၊ မှန်ကန်ကောင်းမွန်သည့် အသိပညာများ စုဆောင်းရရှိထားခြင်းသည် ဘဝတစ်လျှောက်လုံး ဖြတ်သန်းမှုအတွက် အကျိုးရှိစေမည်ဖြစ်သဖြင့် လူတိုင်းစာဖတ်နိုင်ရေးအတွက် အခွင့်အလမ်းများဖော်ဆောင်ပေးရမည်**

❖ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ နေပြည်တော်စာကြည့်တိုက်များဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ နေပြည်တော် Book Club အဖွဲ့ဝင်များ၊ ကျေးရွာစာကြည့်တိုက်မှူးများ၊ မြို့မိမြို့ဖများ၊ ဆရာ၊ ဆရာမများ၊ ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်မောင်မယ်များ၊ လူရည်ချွန်မောင်မယ်များ၊ ကင်းထောက်လူငယ်များ၊ ကြက်ခြေနီမောင်မယ်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

**သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်မှ ကျောင်းသား၊ ကျောင်းသူများ၏ “ပညာဘဏ်တိုက် စာကြည့်တိုက်သို့သွားကြစို့” တေးသီချင်းဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံတွင် ပညာနှင့်ပတ်သက်၍ လိုအပ်ချက်များ ရှိနေခြင်းကြောင့် ပညာဗဟုသုတပြည့်စုံကြွယ်ဝရေး အလွယ်ကူဆုံးနှင့် အထိရောက်ဆုံးဆောင်ရွက်နိုင်သည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ပြီး စာကြည့်တိုက်များ၏ လုပ်ငန်းရပ်များ ပိုမိုတိုးတက်လာစေရန် ဧပြီလမှစတင်၍ လှူဒါန်းဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့အခမ်းအနားသည် တတိယအကြိမ်မြောက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

**လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်**

လူတိုင်းသည် ဖွံ့ဖြိုးတိုးတက်မှုကို လိုလားကြကြောင်း၊ ယခင်က စာတတ်မြောက်ရေးလှုပ်ရှားမှုရုပ်ရှင်ဖြစ်သည့် “ဘယ်သူပြိုင်လို့ လုပါတော့နိုင်” ရုပ်ရှင်ကား၌ “အ” သုံးလုံးလှုပ်ရှားမှုမှတ်တမ်းတွင် သင်ယူသူများအနေဖြင့် စာတတ်မြောက်ရန်အတွက် စိတ်အားထက်သန်နေသည်ကို တွေ့ရှိနိုင်ကြောင်း၊ စာပေတတ်မြောက်မှုမရှိခြင်းသည် လူတစ်ဦးချင်းစီ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် အခက်အခဲများ ကြုံတွေ့နိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူမှုစာရင်းများအရ စာတတ်မြောက်မှုရာခိုင်နှုန်းအရ ပျမ်းမျှအားဖြင့် ၉၂ ရာခိုင်နှုန်းခန့်သည် စာတတ်မြောက်မှုရှိသည်ကို တွေ့ရကြောင်း၊ သို့သော် အများစုအနေဖြင့် မူလတန်းပညာကိုသာ တတ်မြောက်ကြခြင်းဖြစ်ပြီး ကျောင်းနေအရွယ်ကို ကျော်လွန်သွားပြီဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့အနေဖြင့် လူမှုအသိုင်းအဝိုင်းအတွင်း အသိပညာ၊ အတတ်ပညာများ ရရှိအောင် ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အမျိုးသားရေးရည်မှန်းချက် အောင်မြင်စေရန် ဖွံ့ဖြိုးတိုးတက်သည့် လူ့ဘောင်အသိုင်းအဝိုင်း၊ သာယာဝပြောသည့် အသိုက်အဝန်းနှင့် မြန်မာနိုင်ငံကို ကမ္ဘာနှင့်ယှဉ်ပြိုင်နိုင်သည့် လူ့ဘောင်တည်ဆောက်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာ ကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် ပညာတတ်များ မွေးထုတ်ပေးရန်လိုကြောင်း၊ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များ ပေါကြွယ်ဝရန် လိုအပ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတိုင်းသည် ပညာရေးကိုအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပညာတတ်ပေါကြွယ်ဝသည့် နိုင်ငံများသည် အသိပညာကြွယ်ဝကြသဖြင့် မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ တည်တည်ငြိမ်ငြိမ်ဖြင့် ဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း၊

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ စာကြည့်တိုက်အဆောက်အဦများ တိုးချဲ့ဆောက်လုပ်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက ပေးအပ်လှူဒါန်းစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ စာကြည့်တိုက်အဆောက်အဦများ တိုးချဲ့ဆောက်လုပ်နိုင်ရေးအတွက် မြန်မာစီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက ပေးအပ်လှူဒါန်းစဉ်။

**❒ မိမိတို့ စတင်တာဝန်ယူဆောင်ရွက်ချိန်တွင် နေပြည်တော်ကို Green City၊ Clean City ၊ Smart City ဖြစ်စေရန်နှင့် Smokeless Industry များ အကောင်အထည်ဖော်နိုင်ရေးဆောင်ရွက်ခဲ့၊ ထိုအထဲတွင် ပညာရေးမြို့တော်အဖြစ် တည်ဆောက်နိုင်ရေးအတွက်လည်း အားပေးဆောင်ရွက်ခဲ့ပြီး တက္ကသိုလ်များကိုလည်း တိုးချဲ့တည်ဆောက်ဖွင့်လှစ်ပေးခဲ့၊ နေပြည်တော်ကောင်စီနယ်မြေသည် ပညာရေးကဏ္ဍအပါအဝင် ကဏ္ဍအသီးသီး၌ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စံပြုထိုက်သည့် မြို့တော်တစ်ခုဖြစ်ရန်လို၊ ထို့ကြောင့် ယနေ့ပြုလုပ်သည့် "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" များကို ရည်ရွယ်ချက်ရှိစွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သဖြင့် တာဝန်ရှိသူများအားလုံးက အလေးထားဆောင်ရွက်**

*စာမျက်နှာ ၃ မှ*

နိုင်ငံရေးနှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုများကို နိုင်ငံရေးယဉ်ကျေးမှုအနေဖြင့်သာ ဖြေရှင်းဆောင်ရွက်နိုင်ကြသော်လည်း ပညာတတ် နည်းပါးသည့်နိုင်ငံများတွင် ပဋိပက္ခများ ဖြစ်ပေါ်နေမည်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာတတ်များ ပေါ်ကြွယ်ဝစေရေးအတွက် လူတိုင်း စာတတ်မြောက်ရေးကို ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် ပညာတတ်များ ပေါ်ကြွယ်ဝရေးကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

**စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးကိုအားပေး**

မိမိတို့နိုင်ငံအနေဖြင့် ပညာရည်မြှင့်တင်ရေးလှုပ်ရှားမှုများကို မဖြစ်မနေ အားပေးမြှင့်တင်ရန်လိုအပ်သောကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှအစပြု၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" များကို ဆောင်ရွက်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပညာရေးအခြေအနေအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ပင် တန်းစဉ်ကူးပြောင်းမှုများသည် နှစ်စဉ်လျော့နည်းခဲ့သည်ကို အချက်အလက်များအရ သိရှိရပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်လည်း တန်းစဉ်ကူးပြောင်းမှုများသည် လျော့နည်းခဲ့သည်ကို တွေ့မြင်ရကြောင်း၊ ထိုသို့တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းခြင်းသည် နိုင်ငံအတွင်း ပညာတတ် ပေါ်ကြွယ်ဝခြင်းကို ထိခိုက်စေလျက်ရှိသဖြင့် တန်းစဉ်ကူးပြောင်းမှုမြင့်မားရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ တန်းစဉ်ကူးပြောင်းမှုတွင် မပါဝင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း အသိပညာ အတတ်ပညာများ လေ့လာဖတ်ရှုနိုင်ရေး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

စာဖတ်ရှိန်မြှင့်တင်မှုနှင့်ပတ်သက်၍ အွန်လိုင်းမီဒီယာများ၌ စာပေဖတ်ရှုနိုင်သည်ဖြစ်သော်လည်း အဆိပ်အတောက်သတင်းအချက်အလက်များ လွှမ်းမိုးနေသည်ဖြစ်၍ မိမိဘဝကိုအကျိုးရှိစေမည့် စာပေများကိုသာ ရွေးချယ်ဖတ်ရှုလေ့လာရန်လိုကြောင်း၊ စာအုပ်စာပေဖတ်ရှုမှုသည် မိမိဘဝကိုအကျိုးပြုနိုင်ကြောင်း၊ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေနိုင်သည့် စာအုပ်စာပေများကို ရွေးချယ်ဖတ်ရှုရန်လည်းလိုအပ်မည်ဖြစ်ကြောင်း၊ စာသင်ကျောင်းများတွင် စာကြည့်တိုက်များဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျေးလက်နေပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် အမှန်တကယ် အကျိုးဖြစ်စေနိုင်သည့် စာအုပ်စာပေများကို ထားရှိနိုင်ရေးအတွက်လည်း တာဝန်ရှိသူများမှ ကြီးကြပ်ဆောင်ရွက်ပေးရန်လိုကြောင်း။

**အခွင့်အလမ်းများဖော်ဆောင်ပေးရမည်**

စာပေဖတ်ရှုခြင်းတွင် အပျော်ဖတ်စာပေမှ စတင်၍ ဗဟုသုတရရှိသည့် စာပေအထိဖတ်ရှုရန်လိုကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးတို့မှ သုတ၊ ရသ စာအုပ်စာစောင်များကို အပတ်စဉ်၊ လစဉ်၊ နှစ်စဉ်ပုံနှိပ်ထုတ်ဝေလျက်ရှိသကဲ့သို့ သတင်းစာများတွင်လည်း ထည့်သွင်းဖော်ပြပေးလျက်ရှိကြောင်း၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများနှင့် စာအုပ်စာစောင်များ လှူဒါန်းခဲ့ကြသည့် အလှူရှင်များအားလုံး၏ လှူဒါန်းမှုသည် စဉ်ဆက်မပြတ်သည့်၊ မွန်မြတ်သည့် အသိပညာဒါနအလှူဖြစ်သည့်အတွက် ဘဝတစ်သက်တာ အထောက်အကူပြုသော လှူဒါန်းခြင်းဖြစ်သဖြင့် အထူးပင် ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ မှန်ကန်ကောင်းမွန်သည့် အသိပညာများ စုဆောင်းရရှိထားခြင်းသည် ဘဝတစ်လျှောက်လုံး ဖြတ်သန်းမှုအတွက် အကျိုးရှိစေမည်ဖြစ်သဖြင့် လူတိုင်းစာဖတ်နိုင်ရေးအတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း။

**အလေးထားဆောင်ရွက်**

မိမိတို့ စတင်တာဝန်ယူဆောင်ရွက်ချိန်တွင် နေပြည်တော်ကို Green City၊ Clean City၊ Smart City ဖြစ်စေရန်နှင့် Smokeless Industry များ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ထိုအထဲတွင် ပညာရေးမြို့တော်အဖြစ် တည်ဆောက်နိုင်ရေးအတွက်လည်း အားပေးဆောင်ရွက်ခဲ့ပြီး တက္ကသိုလ်များကိုလည်း တိုးချဲ့တည်ဆောက်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေသည် ပညာရေးကဏ္ဍအပါအဝင် ကဏ္ဍအသီးသီး၌ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စံပြုထိုက်သည့် မြို့တော်တစ်ခုဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် ယနေ့ပြုလုပ်သည့် "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" များကို ရည်ရွယ်ချက်ရှိစွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သဖြင့် တာဝန်ရှိသူများအားလုံးက အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ နေပြည်တော်ကို ဗဟိုပြု၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လည်း "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" များကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် နိုင်ငံ့အရေးကို ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုလှုပ်ရှားမှုတွင် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်လာနိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်အဆောက်အဦများ တိုးချဲ့ဆောက်လုပ်နိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးမိသားစုမှ အလှူငွေများကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

**အလှူငွေများကို အသီးသီးပေးအပ်လှူဒါန်း**

ဆက်လက်၍ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် အလှူရှင်များက စာကြည့်တိုက်အဆောက်အဦများ တိုးချဲ့ဆောက်လုပ်နိုင်ရေးအတွက် အလှူငွေများကို အသီးသီးပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် မေ ၁၀ ရက်တွင် ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် လက်ခံရရှိခဲ့သည့် အလှူငွေကျပ် ၁၀၂၇၆၂၄၃၈၀၀၊ စာအုပ်စာစောင်ပေါင်း ၈၅၅၄၀ ကို ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ပြန်လည်ခွဲဝေပေးအပ်မည့် အစီအစဉ်ကို ဆက်လက်ပြုလုပ်ရာ ဦးစွာ တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုရှိ စာကြည့်တိုက် ၄၆ တိုက် ပြန်လည်ပြင်ဆင်ဖွင့်လှစ်နိုင်ရန်အတွက် ငွေကျပ်သိန်း ၂၃၀၀ နှင့် စာကြည့်တိုက် ၂၇ တိုက် အသစ်တည်ဆောက်ဖွင့်လှစ်နိုင်ရန်အတွက် ငွေကျပ်သိန်းပေါင်း ၄၀၅၀၊ စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၆၃၅၀ နှင့် ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်ရန်အတွက် စာအုပ်စာစောင် ၆၇၇၈၀ ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်ရာ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ဓာတ်ပုံမှတ်တမ်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။

*စာမျက်နှာ ၄ မှ*

ယင်းနောက် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စာကြည့်တိုက်လေးတိုက် ပြန်လည်ပြင်ဆင်ဖွင့်လှစ်နိုင်ရန်အတွက် ငွေကျပ်သိန်း ၂၀၀ နှင့် စာကြည့်တိုက် သုံးတိုက် အသစ်တည်ဆောက်ဖွင့်လှစ်နိုင်ရန်အတွက် ငွေကျပ်သိန်း ၄၅၀၊ စုစုပေါင်း ငွေကျပ်သိန်း ၆၅၀ နှင့် ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်ရန်အတွက် စာအုပ်စာစောင် ၃၀၀၀ ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လက်ခံရယူသည်။

ဆက်လက်၍ "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" အဖြစ် ၁၉၇၄ ခုနှစ်၊ တက္ကသိုလ်ပထမနှစ် လူရည်ချွန်ဟောင်းတစ်ဦးဖြစ်သည့် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် အငြိမ်းစား၊ အမျိုးသားစာပေဆု၊ ဆရာဝန် တင်ရွှေဆု၊ စာပေဗိမာန်စာမူဆုရှင် စာရေးဆရာ ဆရာကြီး ဒေါက်တာ မောင်သင်းက **"စာပေတန်ဆောင် လူသားအလင်းရောင်"** ခေါင်းစဉ်ဖြင့် စာပေလေ့လာဖတ်ရှုမှု အကျိုးကျေးဇူးများကို ဟောပြောဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ၏ "ဘက်စုံပညာရည်တို့လှမ်းချီ" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ဓာတ်ပုံမှတ်တမ်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယနေ့တွင် ကျင်းပပြုလုပ်သည့် "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" အခမ်းအနားတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက် အဆောက်အဦများ လှူဒါန်းမှုစုစုပေါင်းအနေဖြင့် စာကြည့်တိုက် ၁၄၇ တိုက်အတွက် ငွေကျပ်သိန်းပေါင်း ၂၂၀၅၀ နှင့် စာအုပ်စာစောင် စုစုပေါင်း ၇၀၇၈၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ မုံခွန်းဝိစစ်စတန်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၉**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ မုံခွန်းဝိစစ်စတန်အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲ ကာလရှည် ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့် ခိုင်မာစေရေး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံအကြား ပညာရေး၊ ယဉ်ကျေးမှု၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားကဏ္ဍများ အပါအဝင် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု တိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် အပြန်အလှန် နားလည်မှု၊ ထောက်ခံမှုတို့ဖြင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး စသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ၂၀၂၄ ခုနှစ် နွေရာသီအဆင့်မြင့် အားကစားသင်တန်းဆင်းပွဲအခမ်းအနား တက်ရောက်ပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းများ လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် မေ ၉**

၂၀၂၄ ခုနှစ် နွေရာသီအဆင့်မြင့် အားကစားသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် အားကစားရုံ၌ ကျင်းပရာ နေပြည်တော်အားကစားနှင့် ကာယပညာကော်မတီ နာယက၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော် အားကစားနှင့်ကာယပညာကော်မတီနာယက၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက နွေရာသီအဆင့်မြင့် အားကစားသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် မြန်မာ့အားကစားအဆင့်အတန်းတိုးတက်ရေးအတွက် အခြေခံကျသော ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များ ပြုစုပျိုးထောင်ပေးနိုင်ခြင်း၊ နွေရာသီအားလပ်ရက်များကို အကျိုးရှိစွာ အသုံးချနိုင်ခြင်း၊ အားကစားပြုလုပ်ခြင်းဖြင့် ကျန်းမာသန်စွမ်းသော မျိုးဆက်သစ် အားကစားသမားကောင်းများ ပေါ်ထွက်လာခြင်း၊ အခြေခံမှသည် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည်အထိ ထူးချွန်ထက်မြက်သော အားကစားသမားများ ပေါ်ထွန်းလာစေမည်ဖြစ်ကြောင်း၊ အားကစားနှင့် ပညာရေးအချိုးညီစွာ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ကျောင်းသားလူငယ်များ အားကစားလှုပ်ရှားမှုများတွင် စိတ်ပါဝင်စားမှု၊ ပူးပေါင်းဆောင်ရွက်မှု မြင့်တက်လာစေပြီး ဗလငါးတန်ဖွံ့ဖြိုးမှုတို့ကို အထောက်အကူပြုစေမည် ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူ လူငယ်များအားလုံး မိမိကိုယ်ကို ယုံကြည်သည့်စိတ်၊ ခိုင်မာသည့် စိတ်ဓာတ်နှင့် မိမိရည်မှန်းချက်ကို အောင်မြင်အောင် ကြိုးစားကြစေလိုကြောင်း၊ နွေရာသီအဆင့်မြင့် အားကစားသင်တန်းများမှတစ်ဆင့် နေပြည်တော်၏ဂုဏ်၊ နိုင်ငံ့၏ဂုဏ်ကိုဆောင်နိုင်သည့် အားကစားသမားကောင်းများ ဖြစ်လာအောင် စွမ်းစွမ်းတမံ ဆက်လက်ကြိုးစားလေ့ကျင့်သွား ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နွေရာသီ အဆင့်မြင့်မြားပစ်သင်တန်းမှ သင်တန်းသား သင်တန်းသူများ လက်ရည်စစ်ပြိုင်ပွဲပြုလုပ်မှုကို ကြည့်ရှုအားပေးပြီး သင်တန်းနည်းပြဆရာများ၊ မြားပစ်လက်ရည်စစ် ပြိုင်ပွဲတွင် ဆုရရှိသည့် သင်တန်းသား သင်တန်းသူများကို ဂုဏ်ပြုဆုများနှင့် သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် နွေရာသီအဆင့်မြင့် အားကစားသင်တန်းကို ဧပြီ ၂၅ ရက်မှ မေ ၉ ရက်အထိ အားကစားနည်း ၁၁ နည်းကို သင်တန်းသား သင်တန်းသူ ၈၉၀ တို့ကို သင်တန်းကာလ ၁၅ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် သုတမင်္ဂလာ စာကြည့်တိုက်သို့ သွားရောက်၍ စာကြည့်တိုက်အတွင်း စာအုပ်စာစောင်များ ခင်းကျင်းထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး စာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံ၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စာဖတ်သည့် အလေ့အထများ ဖြစ်စေရေး၊ အသိပညာ၊ အတတ်ပညာဗဟုသုတ ပြည့်စုံစေရေး၊ စာအုပ်များ စနစ်တကျထားရှိရေး၊ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက သုတမင်္ဂလာစာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့်စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု ရန်အောင်မြင်ကျေးရွာရှိ မြတ်ဆုမွန်စာကြည့်တိုက်သို့ ရောက်ရှိကာ စာကြည့်တိုက်အတွင်း စာအုပ်စာစောင်များ ခင်းကျင်းထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး စာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ နာယက၊ တာဝန်ရှိသူများနှင့်အတူ ရန်အောင်မြင်ကျေးရွာအုပ်စု တပ်ပိုးကျေးရွာ အခြေခံစာတတ်မြောက်ရေး စာဖတ်ဝိုင်းနှင့် လယ်ဝေးမြို့နယ် အမှတ်(၅) ရပ်ကွက်၊ အင်တိုင်းသာ အခြေခံပညာမူလတန်းကျောင်း အခြေခံစာတတ်မြောက်ရေး စာဖတ်ဝိုင်း အမှတ်(၆)သို့ သွားရောက်၍ စာသင်သားများကို အခြေခံမြန်မာစာ၊ အခြေခံသင်္ချာဘာသာရပ်များ သင်ကြားပေးနေမှုကို ကြည့်ရှုအားပေးပြီး အာဟာရဖြစ်စားသောက်ဖွယ်ရာများနှင့် စာအုပ်စာစောင်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# PDF အမည်ခံအကြမ်းဖက်သမားများက မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအား လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူ ၃၂ ဦးသေဆုံးကာ ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့မှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားကြေညာချက်များ ထုတ်ပြန်

နေပြည်တော် မေ ၉

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာ၏ အရှေ့ဘက်ရှိ ဆုံရွာကျေးရွာအား ယနေ့နံနက်ပိုင်းတွင် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် ကျေးရွာနေ ဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦးသေဆုံးခဲ့ပြီး အမျိုးသား ၅ ဦး၊ အမျိုးသမီး ၉ ဦး စုစုပေါင်း ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့သည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ ယခုကဲ့သို့ ဒေသခံပြည်သူများ နေထိုင်ရာ ကျေးရွာအတွင်းသို့ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ပြီး အပြစ်မဲ့ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်ပျက်စီးအောင် လုပ်ဆောင်နေမှုများအပေါ် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့် အကြမ်းဖက်လုပ်ရပ်ဖြစ်သည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံဇဝ်ဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စု မြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံအားကစားမီဒီယာအဖွဲ့ချုပ်၊ ယုံကြည်ခြင်း ဇဝ်ဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီနှင့် ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းတို့မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆီမီးခုံကျေးရွာ၏ အရှေ့ဘက်ရှိ ဆုံရွာကျေးရွာအား ယနေ့နံနက်ပိုင်းတွင် PDF အကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာနေ ဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦး၊ အမျိုးသမီး ၉ ဦး စုစုပေါင်း ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ PDF အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ထိခိုက်ပျက်စီးအောင် လုပ်ဆောင်နေမှုများအပေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်တွင် အကြမ်းဖက်သမားများက မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ကျေးရွာနေပြည်သူများ သေဆုံး/ဒဏ်ရာရရှိခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် ကြားသိရသည့်အတွက် ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ လုပ်ရပ်ပေါ် ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) မှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်**
**(အောက်မြန်မာပြည်)**

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ မေလ ၉ ရက်နေ့ ယနေ့ နံနက်ပိုင်းက အကြမ်းဖက်သမားများ၏ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် အမျိုးသား ၁၇ ဦး ၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၉ ဦး တို့ ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ဟု ကြားသိရသဖြင့် များစွာစိတ်မကောင်း ဖြစ်ရပါသည်။

ယင်းသို့ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများကို မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး (ဗဟို)မှ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**
(၉.၅.၂၀၂၄)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ PDF အကြမ်းဖက်သမားများက လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် ဒေသခံပြည်သူများ သေဆုံး/ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများနေထိုင်ရာ ကျေးရွာအတွင်းသို့ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် အကြမ်းဖက်သမားများ၏ လုပ်ရပ်အပေါ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားကြေညာချက် (၅/ ၂၀၂၄)

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

၁။ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်၊ ဆီမီးခုံကျေးရွာအရှေ့ဘက်ရှိ ဆုံရွာကျေးရွာအား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အချို့က လူမဆန်စွာလက်နက်ကြီး လက်နက်ငယ်များ အသုံးပြု၍ ပစ်ခတ်ဖျက်ဆီးခဲ့ခြင်းကြောင့် ကျေးရွာတွင် နေထိုင်လျက်ရှိသော ဒေသခံအပြစ်မဲ့ပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦး အမျိုးသမီး ၉ ဦး စုစုပေါင်း ၁၄ ဦးမှာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် သိရှိရပါသည်။

၂။ အေးချမ်းစွာ နေထိုင်လျက်ရှိသည့် အပြစ်မဲ့ပြည်သူများကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက်မှုကို ပြုလုပ်ခဲ့သည့် မည်သည့်အဖွဲ့အစည်းကိုမဆို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

၂၀၂၄ခုနှစ်၊ မေလ(၉)ရက်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာနေဒေသခံပြည်သူ ၃၂ ဦး သေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်ကို မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံ ဇဝ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ PDF အကြမ်းဖက်သမားများက လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် ကျေးရွာနေ ပြည်သူ ၃၂ ဦးသေဆုံးခဲ့ပြီး ပြည်သူ ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်ပေါ် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် မြန်မာနိုင်ငံဇဝ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဇဝ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

၂၀၂၄ မေလ ၉ ရက်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆုံရွာကျေးရွာကို PDF အကြမ်းဖက်သမားများက ကျေးရွာနေပြည်သူ ၃၂ ဦး (အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး) ကို လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိရပါသည်။

ထို့အပြင် အမျိုးသား ၅ ဦးနှင့်အမျိုးသမီး ၉ ဦး စုစုပေါင်း ၁၄ဦး ဒဏ်ရာရရှိသည်ဟုလည်း ထပ်မံသိရှိရပါသည်။

ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများ၏အသက်ကို ရက်ရက်စက်စက် လူစိတ်ကင်းမဲ့စွာသတ်ဖြတ်ခဲ့သည့် PDF အကြမ်းဖက်သမားများ၏ လုပ်ရပ်ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာလိုက်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့်အတွက် အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၉ ဦးတို့မှာလည်း ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ဟု ဝမ်းနည်းဖွယ် သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ အကျည်းတန်အရုပ်ဆိုးသော အကြမ်းဖက်လုပ်ရပ်အပေါ် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး

## အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

အကြမ်းဖက်သမားများမှ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ယနေ့နံနက်ပိုင်းက ပစ်ခတ်ခဲ့သည့်အတွက် အမျိုးသား ၁၇ ဦး ၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၉ ဦးတို့မှာ ထိခိုက်ဒဏ်ရာများရရှိခဲ့သည့်အတွက် လွန်စွာဝမ်းနည်းမိပါသည်။

ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်အား မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)

## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက် နံနက်ပိုင်းတွင် အကြမ်းဖက်သမားများက မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအား လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ ကျေးရွာနေပြည်သူ ၃၂ ဦး သေဆုံးခဲ့ကြောင်းနှင့် ပြည်သူ ၁၄ ဦး ထိခိုက်ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ ကျေးရွာအတွင်း လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် လုပ်ရပ်အပေါ် လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)

## သန္တနုဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်

## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ ၂၀၂၄ ခုနှစ်၊ မေ ၉ ရက် နံနက်ပိုင်းတွင် PDF အကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ ဒေသခံပြည်သူများ သေဆုံး/ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ထောက်ခံအားပေးခြင်းမရှိသည့် ရပ်ကွက်၊ ကျေးရွာများအား လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်နေမှုအပေါ် သန္တနုဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

သန္တနုဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ

## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

၁။ PDF အကြမ်းဖက်သမားများက ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ကျေးရွာနေ ဒေသခံပြည်သူ အမျိုးသား ၁၇ ဦးနှင့် အမျိုးသမီး ၁၅ ဦး တို့သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦး၊ အမျိုးသမီး ၉ ဦး ဗုံးစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိခဲ့ပါသည်။

၂။ ယင်းသို့ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေသည့် အကြမ်းဖက်သမားများအား ပိန္နဲကုန်း ရခိုင်ဂျာမေဗလီက ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်

## သဘောထားထုတ်ပြန် ကြေညာချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

PDF အကြမ်းဖက်သမားများ၏ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာရှိ အပြစ်မဲ့ဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦး၊ အမျိုးသမီး ၉ ဦး၊ စုစုပေါင်း ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း ဝမ်းနည်းစိတ်မကောင်းဖွယ်ကြားသိရပါသည်။

ယခုကဲ့သို့ အေးချမ်းစွာ နေထိုင်လျက်ရှိသော အပြစ်မဲ့ပြည်သူများအပေါ် ကျူးလွန်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များအပေါ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း မြန်မာနိုင်ငံအားကစားမီဒီယာအဖွဲ့ချုပ်မှ ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟို

## အဖွဲ့ချုပ်၏ သဘာထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

၁။ ၂၀၂၄ ခုနှစ်၊ မေ ၉ ရက်တွင် အကြမ်းဖက်သမားများက မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ ပြည်သူ ၃၂ ဦး သေဆုံးကာ ပြည်သူ ၁၄ ဦး ထိခိုက်ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့ကြောင်း သိရှိရပါသည်။

၂။ ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများ သေဆုံး/ဒဏ်ရာရရှိသည်အထိ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား မည်သို့မျှလက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

၁။ PDF အကြမ်းဖက်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် ကျေးရွာနေပြည်သူ ၃၂ ဦး သေဆုံးခဲ့ပြီး ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရပါသည်။

၂။ ထိုသို့ အကြမ်းဖက်သမားများက လက်နက်အားကိုး၍ ဒေသခံပြည်သူများအပေါ် အနိုင်ကျင့်ဗိုလ်ကျခြင်း၊ ခေါင်းစဉ်အမျိုးမျိုးတပ်၍ သတ်ဖြတ်ခြင်း၊ ကျေးရွာအတွင်း လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်းများ လုပ်ဆောင်နေသည့်အပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## ဘုံးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ

## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ မေလ ၉ ရက် ယနေ့နံနက်ပိုင်းက PDF အကြမ်းဖက်သမားများက မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့်အတွက် ဒေသခံပြည်သူ ၃၂ ဦး သေဆုံးပြီး ၁၄ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ဟု သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ လုပ်ရပ်အား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း ဘုံးသီးတောင်မောင်တော ဒေသဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

ဘုံးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း

## ယုံကြည်ခြင်း ဇေဝဂေလိအသင်းတော်(ပဲခူး)

## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

ယနေ့ မေလ ၉ ရက်နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ PDF အကြမ်းဖက်အဖွဲ့က လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ ဒေသခံပြည်သူ ၃၂ ဦးသေဆုံးခဲ့ပြီး ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ လူနေရပ်ကွက်အတွင်း လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုသည် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် ယုံကြည်ခြင်းဇေဝဂေလိအသင်းတော်(ပဲခူး)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ယုံကြည်ခြင်း ဇေဝဂေလိအသင်းတော်(ပဲခူး)

## မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

၁။ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာ အတွင်းသို့ PDF အကြမ်းဖက်အဖွဲ့က လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာသူ ကျေးရွာသား ၃၂ ဦး သေဆုံးခဲ့ပြီး ၁၄ ဦး ဗုံးစထိမှန် ဒဏ်ရာများရရှိခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ အပြစ်မဲ့ပြည်သူများအပေါ် လက်နက်အားကိုး၍ အနိုင်ကျင့်ဗိုလ်ကျကာ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏

## သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

၁။ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆီမီးခုံကျေးရွာ၏ အရှေ့ဘက်ရှိ ဆုံရွာကျေးရွာအား ယနေ့နံနက်ပိုင်းတွင် လက်နက်ကိုင် အကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာနေဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦး၊ အမျိုးသမီး ၉ ဦး စုစုပေါင်း ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရပါသည်။

၂။ ယခုကဲ့သို့ လက်နက်ကိုင် အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူလူထု၏ အသက်အိုးအိမ် ထိခိုက်ပျက်စီးအောင်လုပ်ဆောင်နေမှုများအပေါ် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

## မိုးကောင်းမြို့နယ် အောင်ဇမ္ဗူစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက် ဆီထွက်သီးနှံများ ရိတ်သိမ်း

မိုးကောင်း မေ ၉

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပင်းကြိုင်းကျေးရွာရှိ အောင်ဇမ္ဗူစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်သည် နိုင်ငံ့စီးပွားဖြစ်တင်ပို့ရေးရန်ပုံငွေရယူ၍ အသင်းသားတောင်သူ ၁၃ ဦး၏ စိုက်ပျိုးမြေပေါ်တွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲဧက ၁၀၀ နှင့် နေကြာဧက ၁၀၀ စိုက်ပျိုးခဲ့ရာ ယခုအခါတွင် မြေပဲတင်း ၇၀၀၀ ကျော်၊ နေကြာတင်း ၁၀၀၀ ကျော် ထွက်ရှိပြီးဖြစ်သည်။

နေကြာ၊ မြေပဲ ဈေးကောင်းရရှိနေပြီး အသင်းမှထွက်ရှိလာသော ဆီထွက်သီးနှံများအား မြို့နယ်သမဝါယမအသင်းစုမှဒေသပေါက်ဈေးဖြင့် ဝယ်ယူသည့်အပြင် တောင်သူများအား တစ်တင်းလျှင် Refund ငွေကျပ် ၂၀၀ ပြန်လည်ပေးသွင်းခဲ့ပြီး သမဝါယမအသင်းစုပိုင် ဆီစက်ဖြင့် ကြိတ်ခွဲ၍ သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နည်းပညာလွှဲပြောင်းခြင်းနှင့် စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံ-တရုတ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၉**

အာဆီယံအတွင်းရေးမှူးချုပ်ရုံး (ASEAN Secretariat)၊ မြန်မာနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အာဆီယံသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာကော်မတီ (ASEAN COSTI) တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် "နည်းပညာလွှဲပြောင်းခြင်းနှင့် စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံ-တရုတ် အလုပ်ရုံဆွေးနွေးပွဲ (ASEAN-China Workshop on Building Up Human Capital in Technology Transfer and Commercialization" ကို မေ ၉ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ Lotte ဟိုတယ်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ကျင်းပလျက်ရှိသည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသည် အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (ASEAN-China Cooperation Fund-ACCF)ဖြင့် တက္ကသိုလ်များနှင့် သုတေသနဌာနများ၏ သုတေသနရလဒ်များအား ဓာတ်ခွဲခန်းအဆင့်မှ ဈေးကွက်တွင် စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များအား နည်းပညာလွှဲပြောင်းခြင်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ပေးရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူးကြီး Dr. ကျန်းကျီဟွန်းနှင့် အာဆီယံသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ကော်မတီဥက္ကဋ္ဌ Dr. Hul Seingheng တို့က အဖွင့်မိန့်ခွန်းပြောကြား၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Mr. Satvinder Singh - က Video clip ဖြင့် အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့မှ ကျွမ်းကျင်ပညာရှင်များ၊ မြန်မာနိုင်ငံ တက္ကသိုလ်များ၊ ဆက်စပ်ဝန်ကြီးဌာနနှင့် ဦးစီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၌ သုတေသနအဖွဲ့အစည်းများ၊ MSMEs လုပ်ငန်းရှင်များနှင့် တက္ကသိုလ်များအကြား နည်းပညာလွှဲပြောင်းရာတွင် တွေ့ကြုံရသော အခက်အခဲများနှင့် ကျော်လွှားဖြေရှင်းနိုင်ရေး အမြင်များဖလှယ်ခြင်း၊ နည်းပညာလွှဲပြောင်းခြင်းနှင့် နည်းပညာဈေးကွက် မြှင့်တင်နိုင်ခြင်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် တည်ဆောက်ခြင်း၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတွင် တရုတ်နှင့် အာဆီယံနိုင်ငံများအကြား စွန့်ဦးတီထွင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေမည့် နည်းလမ်းများ၊ စွန့်ဦးတီထွင် စီးပွားဂေဟစနစ်ဝန်းကျင်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုကွန်ရက်နှင့် အွန်လိုင်း-အပြန်အလှန် သင်ကြားသင်ယူမှုကို အသုံးပြု၍ သုတေသနအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် တက္ကသိုလ်များသို့ နည်းပညာလွှဲပြောင်းခြင်းနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်တင်နိုင်မည့်နည်းလမ်းများအပေါ် တရုတ်နှင့် အာဆီယံနိုင်ငံကိုယ်စားလှယ်များက အုပ်စုအဖွဲ့လိုက် ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးတင်ပြချက်များ၏ ရလဒ်များကို ရှေ့လုပ်ငန်းစဉ်များအဖြစ် သတ်မှတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးလွင်ဦး မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-နီပေါ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးတိုးမြှင့်ရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားကဏ္ဍအပါအဝင် နှစ်နိုင်ငံ အကျိုးတူကဏ္ဍများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရန်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

* *ကျောဖုံးမှ*

**ဆုဖလားမျှော်လင့်ချက်အဆုံးသတ်**

ဘိုင်ယန်မြူးနစ် တိုက်စစ်ကစားသမား ကိန်းသည် ပြီးခဲ့သည့်နွေရာသီတွင် စပါးအသင်းမှ ပေါင် ၈၆ သန်းဖြင့် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီး အသင်းအတွက် ၄၄ ဂိုးအထိ သွင်းယူထားနိုင်ခဲ့သော်လည်း ၎င်း၏ကစားသမားဘဝတစ်လျှောက် ပထမဆုံး ဆုဖလားဆွတ်ခူးနိုင်ရေး မျှော်လင့်ချက်လည်း အဆုံးသတ်သွားခဲ့ရပြီဖြစ်သည်။

**ဖိုင်နယ်ပွဲယှဉ်ပြိုင်ကစားမည်**

ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးကို ဒေးဗီးစ်က သွင်းယူပေးပြီး ရီးရဲမက်ဒရစ်အသင်းအတွက် သွင်းဂိုးများကို ဂျိုဆေလူ တစ်ဦးတည်းက သွင်းယူပေးခဲ့သည်။ နာမည်ကြီး ဘိုင်ယန်မြူးနစ်အသင်းကို အနိုင်ယူကျော်ဖြတ်နိုင်ခဲ့သော ရီးရဲမက်ဒရစ်အသင်းသည် ဇွန် ၁ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ပြိုင်ပွဲ နောက်ဆုံးဖိုင်နယ်ပွဲတွင် ဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

## ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကျောက်ဆည်ရှိ နည်းပညာတက္ကသိုလ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့်ဇီဝနည်းပညာသုတေသနဦးစီးဌာန ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၉**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် ယမန်နေ့မွန်းလွဲ ပိုင်းက နည်းပညာတက္ကသိုလ် (ကျောက်ဆည်) သို့ ရောက်ရှိပြီး နျူကလီးယားအင်ဂျင်နီယာဌာနရှိ လက်တွေ့ခန်းများတွင် ကျောင်းသားများ သုတေသန ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံရာ ဒုတိယဝန်ကြီးက ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ Moscow Engineering Physics Institute အပါအဝင် MoU ရေးထိုးထားသည့် မိတ်ဖက်တက္ကသိုလ်များနှင့် ပူးပေါင်း ဆောင်ရွက်မှုများကို မြှင့်တင်ရန်၊ နိုင်ငံတကာ နည်းပညာပြိုင်ပွဲများတွင် ကျောင်းသားများ ယှဉ်ပြိုင်မှုများကို အားပေးမြှင့်တင်ရန် တိုက်တွန်းမှာကြားပြီး တင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျောင်းသားများကို သုတေသနထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးကာ အရည်အသွေးပြည့်မီစွာဖြင့် လုပ်ငန်းများ အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဆည်) သို့ ရောက်ရှိပြီး ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ ဒေသလိုအပ်ချက်နှင့်အညီ သင်တန်းများကို အရည်အသွေးပြည့်မီစွာ ဖွင့်လှစ်ရန်၊ ပညာရည်ပြည့်ဝပြီး ကျင့်ဝတ်ကို လေးစားလိုက်နာသည့် လူငယ်ပညာရှင်များ ပေါ်ထွန်းလာရေး စနစ်တကျ ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားကာ အင်ဂျင်နီယာဌာနများတွင် သုတေသနပရောဂျက်များ ဆောင်ရွက်နေသော ကျောင်းသားများကို ကြည့်ရှုအားပေးသည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် ဇီဝနည်းပညာသုတေသနဦးစီးဌာနသို့ရောက်ရှိပြီး တာဝန်ရှိသူများအား သုတေသနရလဒ်များကို MSME လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အသုံးချနိုင်ရေး ဆက်စပ်ဌာန/ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ကျေးလက်နေပြည်သူများကို ဇီဝနည်းပညာအသိပညာပေးမှုများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်ချက်တင်ပြမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဆေးပညာဆိုင်ရာ ဇီဝနည်းပညာဌာနရှိ ဆေးပညာဆိုင်ရာ ဓာတ်ခွဲခန်းကို Biosafety Level 2 (BSL-2) အထိ အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆေးဖက်ဝင်အပင်များမှ ဆေးအဆီ ထုတ်ယူနေမှု၊ Mycology Lab နှင့် Environmental Lab တို့မှ Waste Water Treatment နှင့်ပတ်သက်၍ ချည်ဆိုးဆေးအရောင်လျှော့ချခြင်းနှင့် သဘာဝပတ်ဝန်းကျင်သက်ရောက်မှု လျှော့နည်းစေရေးဆိုင်ရာ သုတေသနလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ ရန်ကုန်တိုင်းဒေသကြီး နွေရာသီအဆင့်မြင့်အားကစားသင်တန်းများ သွားရောက်ကြည့်ရှုအားပေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲအခမ်းအနားတက်ရောက်

**ရန်ကုန် မေ ၉**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အတူ ယနေ့နံနက် ၇ နာရီတွင် တောင်ဥက္ကလာပဒေသာ အားကစားကွင်းသို့ ရောက်ရှိပြီး နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ နွေရာသီကျောင်းပိတ်ရက်များတွင် အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်နှင့် မိမိဝါသနာပါရာ အားကစားကို လေ့လာလိုက်စားရာမှစ၍ နိုင်ငံ့ဂုဏ်ဆောင်မျိုးဆက်သစ်လက်ရွေးစင်များ ထွက်ပေါ်စေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး၌ ဖွင့်လှစ်လျက်ရှိသော အာကီဒို၊ တိုက်ကွမ်ဒို၊ ပြေးခုန်ပစ်၊ ဘောလုံး၊ အလေးမ၊ လက်ဝှေ့၊ စားပွဲတင်တင်းနစ်၊ ကရာတေး၊ ဂျူဒို၊ အေရိုးဗစ် စသည့်အဆင့်မြင့်နွေရာသီအားကစားသင်တန်းများ အားကစားနည်းအလိုက် လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှု အားပေးစကားပြောကြားပြီး **(ယာပုံ)** သက်ဆိုင်ရာ အားကစားနည်းအလိုက် နည်းပြများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ အားကစားကွင်း/ အားကစားရုံ သန့်ရှင်းသာယာလှပရေးနှင့်စပ်လျဉ်း၍ မှာကြားသည်။

**အမှာစကားပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ရန်ကုန်တိုင်းဒေသကြီး နွေရာသီအဆင့်မြင့် အားကစားသင်တန်းသို့ တက်ရောက်နေသည့် အားကစားနည်းအလိုက် သင်တန်းသား သင်တန်းသူများအတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၂၀၄၀၀၀၀ ကို ပံ့ပိုးပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျိုက္ကဆံဝင်းအတွင်းရှိ ပြည်ထောင်စုခန်းမသို့ ရောက်ရှိပြီး အားကစားနှင့် ကာယပညာဦးစီးဌာန (ရန်ကုန်) ဝန်ထမ်းများ တွေ့ဆုံပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားကာ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)စားရိပ်သာတွင် ဝန်ထမ်းများနှင့်အတူ နေ့လယ်စာသုံးဆောင်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက ကြီးမှူး၍ ပညာရေးတက္ကသိုလ်၌ကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားပြီး စာရေးဆရာ ဦးကျော်ကျော်လှိုင်က လူငယ်ဘဝ တိုးတက်မြှင့်တင်ရေး ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး



ဝန်ကြီးချုပ်တို့က ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ အရှေ့ပိုင်းတက္ကသိုလ်၊ အနောက်ပိုင်းတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်များသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက တက္ကသိုလ်တစ်ခုလျှင် ငွေကျပ် ၂၅၁၀၀၀၀ နှုန်းဖြင့် တက္ကသိုလ် ခြောက်ခုအတွက် ငွေကျပ် ၁၅၀၆၀၀၀၀ တန်ဖိုးရှိ အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာတက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များက လက်ခံရယူကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဒုတိယဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က စာရေးဆရာ ဦးကျော်ကျော်လှိုင်ကို ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ခင်းကျင်းပြသထားသောပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် အဖြေမှန်သည့် ကျောင်းသား ကျောင်းသူများကို ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဘားအံ မေ ၉**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၈ ရက် မွန်းလွဲ ၂ နာရီက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂) ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက လာမည့်ဇွန်လတွင် ကျောင်းများပြန်လည်ဖွင့်လှစ်ကြတော့မည်ဖြစ်ရာ ယခင်နှစ်ပြည်နယ်အတွင်း ဖွင့်လှစ်နိုင်ခြင်းမရှိသောကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် လိုအပ်သည်များအား ကြိုတင်ပြင်ဆင်ထားကြစေလိုကြောင်း၊ ယခင်နှစ်က ဖွင့်လှစ်နိုင်ခြင်းမရှိခဲ့သည့် အခြေခံပညာကျောင်းများအား ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ဖွင့်လှစ်နိုင်သည့် ကျောင်းများတွင်လည်း အောင်မြင်စွာ သင်ကြားပို့ချနိုင်ရေး လိုအပ်သည့် စာသင်ဆောင်၊ စာသင်ခန်း၊ ပရိဘောဂ၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံလုံလောက်မှုရှိစေရေးအတွက် ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့များနှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းရေး၊ သောက်သုံးရေ၊ လျှပ်စစ်မီးနှင့်မိလ္လာများ ပြည့်စုံကောင်းမွန်ရေးနှင့် လုံခြုံရေး အစီအစဉ်များ ရေးဆွဲဆောင်ရွက်



ထားကြစေလိုကြောင်း၊ သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအလိုက် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားများကျင်းပ၍ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်ရေး ဆော်ဩပေးကြစေလိုကြောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မှုသာ အောင်မြင်နိုင်မည် ဖြစ်သည့်အတွက် တက်ညီလက်ညီဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်ဥပဒေချုပ် ဦးရဲလွင်က ပြည်နယ်အတွင်း ပြန်လည်ဖွင့်လှစ်မည့် ကျောင်းများနှင့် ဖွင့်လှစ်နိုင်ခြင်းမရှိသည့် ကျောင်းများကို ဆွေးနွေးတင်ပြပြီး ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစသိန်းကျော်က အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ စာရင်း၊ ဆရာ/ ကျောင်းသားအချိုး၊ ကျောင်းများ ပြန်လည် ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းနေအရွယ် ကလေးများအားလုံး ပညာသင်ကြားနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက သက်ဆိုင်ရာခရိုင်များအလိုက် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# (၅၉) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ ဆက်လက်ကျင်းပ ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၄၂၄ တွဲ ရောင်းချနိုင်ခဲ့



**နေပြည်တော် မေ ၉**

(၅၉) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်း ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲအမှတ် (၁၉၀၁) မှ (၂၇၅၀) အထိ ကျောက်စိမ်းအတွဲများကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ပြီး ကျောက်စိမ်းအတွဲပေါင်း ၄၂၄ တွဲ ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ထို့ပြင် ပြည်တွင်း ရတနာကုန်သည်များကိုသာ ရောင်းချပေးမည့် အုပ်စု (C) မှ ကျောက်စိမ်းအတွဲအမှတ်(၂၇၅၁) မှ (၃၇၅၀) အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ပြပွဲအဋ္ဌမနေ့တွင် ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ပြပွဲနဝမနေ့တွင် ကြေညာသွားမည်ဖြစ်သည်။

(၅၉) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ မေ ၃ ရက်မှ ၁၂ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲဒုတိယနေ့တွင် ပုလဲအတွဲပေါင်း ၁၈၂ တွဲ၊ တတိယနေ့တွင် ပုလဲအတွဲပေါင်း ၁၉၇ တွဲ၊ စတုတ္ထနေ့တွင် ကျောက်မျက်အတွဲပေါင်း ၈၈ တွဲ၊ ပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၅၄၆ တွဲ၊ ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၅၆၉ တွဲနှင့် သတ္တမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၄၂၄ တွဲကို ရောင်းချပေးနိုင်ခဲ့ပြီး ကျန်ရှိနေသည့် ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒို့ကျေးရွာများဖွံ့ဖြိုးရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

ဒေါက်တာကီး(ဇလပ်မြေ)

ကမ္ဘာကြီးသည် ရှိသမျှသော ဂြိုဟ်ကြီးများအနက် လူသားတို့နေထိုင်ရန်အတွက် အကောင်းဆုံးသောနေရာဖြစ်ပြီး လူသားအားလုံးသည် မိမိတို့နေထိုင်ရာ ကမ္ဘာကြီးကို ပိုမိုတိုးတက်ကောင်းမွန်စေချင်ကြသည်။ သို့ဖြစ်ရာ သက်ဆိုင်ရာနိုင်ငံအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတို၊ ကာလလတ်၊ ကာလရှည် စီမံချက်/စီမံကိန်းများ ရေးဆွဲချမှတ်၍ သူ့ထက်ငါ အပြိုင် ကဏ္ဍနှင့်ဒေသအလိုက် ဖွံ့ဖြိုးရေးဆောင်ရွက်နေကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာ၌ အခြေအနေနှင့် အချိန်အခါအပေါ်မူတည်၍ Top Down (အထက်မှမူဝါဒချမှတ်၍ တိုက်ရိုက်စီမံခန့်ခွဲသည့်စနစ်)နှင့် Bottom Up (အောက်ခြေမှ အဆင့်ဆင့် တင်ပြဆောင်ရွက်သည့်စနစ်)ကို လိုအပ်သလို ကျင့်သုံးလျက်ရှိကြောင်း တွေ့ရှိရသည်။

မိမိတို့နိုင်ငံသည်လည်း ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည်နှင့်အညီ ဘက်စုံဖွံ့ဖြိုးရေးဆောင်ရွက်ရာ၌ အထက်ပါနည်းလမ်းနှစ်မျိုးဖြင့် ဆောင်ရွက်လျက်ရှိပြီး အဓိကအားဖြင့် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးရေးနှစ်ပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍတွင် (Focal Department) ဖြစ်သည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၄၀၀၀ ခန့်ရှိပြီး နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများ၌ နေထိုင်ကြသည်။ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ကို သက်ဆိုင်သူအားလုံးပါဝင်၍ ရေးဆွဲခဲ့ပြီး အဆိုပါမူဘောင်အရ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း Village Development Plan (VDP)အား (၂၀၁၅) ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဆိုတာ**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအား ကျေးလက်နေပြည်သူများကိုယ်တိုင် ကျေးရွာ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ဦးစားပေးအစီအစဉ်အလိုက် စီမံချက်များရေးဆွဲဖော်ထုတ်နိုင်စေရန်၊ ကျေးရွာများ၏ ဦးစားပေးစီမံချက်အပေါ် အခြေခံ၍ နှစ်စဉ်ရန်ပုံငွေများ လျာထားပြီး စီမံချက်လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်၊ ကျေးရွာမှ ထွက်ပေါ်လာသော စီမံချက်လုပ်ငန်းများအား မြို့နယ်အဆင့် ဦးစီးဌာနအသီးသီး၏ ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ချိတ်ဆက်နိုင်စေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းဆောင်ရွက်မည့် ကျေးရွာရွေးချယ်ရာ၌ ဦးစီးဌာနရန်ပုံငွေအပြင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ ရန်ပုံငွေနှင့် ကျေးရွာမှ ထည့်ဝင်ငွေများဖြင့် ပေါင်းစပ်ဆောင်ရွက်လိုသည့် ကျေးရွာ၊ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့မှုနှင့် နယ်မြေလုံခြုံတည်ငြိမ်အေးချမ်းမှုရှိသည့် ကျေးရွာများ၊ ရွာသူရွာသားများ၏ စိတ်ပါဝင်စားမှု၊ စည်းလုံးညီညွတ်မှု၊ စိတ်အားထက်သန်မှုရှိသောကျေးရွာများ၊ ဖွံ့ဖြိုးရေးအမှန်တကယ်ဆောင်ရွက်ရန် လိုအပ်သည့် ကျေးရွာများ၊ မိမိမြို့နယ်အတွင်း အကျိုးခံစားရမည့် အိမ်ထောင်စုများသော ကျေးရွာများကို ဦးစားပေးရွေးချယ်ပြီး ကျေးရွာမှ ဖော်ထုတ်ရရှိလာသော စီမံချက်ပါ ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းရန်ပုံငွေအား ကျေးရွာတစ်ရွာလျှင် ငွေကျပ် ၁၀ ဒသမ ၀၀ သန်းအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ ထောက်ပံ့ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစ၍ ကျေးရွာတစ်ရွာလျှင် ငွေကျပ် ၁၅ သန်း တိုးမြှင့်ထောက်ပံ့ပေးလျက်ရှိသည်။



၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မအူပင်မြို့နယ် သောင်တန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

**စီမံကိန်းလုပ်ငန်းစဉ်တွင်ပါဝင်သည့် နည်းစနစ်များ**

စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံချက်မူဘောင် (၅နှစ်တာ၊ ကာလလတ်စီမံချက်)နှင့် နှစ်အလိုက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုအစီအစဉ် (Annual Village Investment Programme-AVIP) ဟူ၍ အဓိကနည်းစနစ်နှစ်ခု ပါဝင်သည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံချက်မူဘောင် (၅ နှစ်တာ၊ ကာလလတ်စီမံချက်)ဟု ဆိုရာ၌ ကျေးလက်လူထု ပါဝင်လုပ်ဆောင်သည့် ကျေးရွာလူထု၏ လူမှုစီးပွားဘဝအခြေအနေမှန်ကို ဆန်းစစ်နည်း (Participatory Rural Appriasals-PRA) နည်းလမ်းကို အသုံးပြု၍ ကျေးလက်လူထု၏ လက်ရှိလူမှုစီးပွားအခြေအနေ၊ သဘာဝပတ်ဝန်းကျင်နှင့် အခြားဖွံ့ဖြိုးရေးအခြေအနေများ ဖွံ့ဖြိုးရေးကို အထောက်အကူပြုစေသော အကြောင်းများနှင့် အဟန့်အတားစိန်ခေါ်မှုများကို ဖော်ထုတ်ပြီး ရရှိလာသည့် အချက်အလက်များအပေါ်အခြေခံ၍ ငါးနှစ်တာကာလအတွက် ကျေးရွာ၏ ဦးစားပေးလုပ်ငန်းလိုအပ်ချက်များအနက်မှ လုပ်ငန်းကဏ္ဍအလိုက် ဘဏ္ဍာငွေခွဲဝေပေးရာတွင် လမ်းညွှန်အဖြစ် အသုံးပြုနိုင်စေရန် စီမံချက်စာအုပ်ပြုစုရေးဆွဲခြင်းဖြစ်သည်။

ထွက်ရှိလာသည့် အဆိုပါစီမံချက်စာအုပ်ပေါ် အခြေခံ၍ နှစ်အလိုက် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေအစီအစဉ် ရေးဆွဲပြင်ဆင်ခြင်းလုပ်ငန်းအား နိုင်ငံတော်၏ ဘတ်ဂျက်ပြင်ဆင်သည့် စက်ဝန်းအတိုင်း ဆောင်ရွက်လျက်ရှိပြီး ဘဏ္ဍာနှစ်အလိုက် ကျေးရွာများမှ ဘဏ္ဍာငွေရရှိနိုင်စေရန် ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျေးရွာ၏ လိုအပ်ချက်များသည် များပြားသည့်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးနိုင်မည့်လုပ်ငန်းများအား ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဘဏ္ဍာနှစ်အလိုက် ထည့်သွင်းလျာထားပေးလျက်ရှိပြီး ဦးစီးဌာန၏ လုပ်ငန်းတာဝန် (Mandate)တွင် ပါဝင်မှုမရှိသည့် အခြားလုပ်ငန်းများကိုလည်း မြို့နယ်အဆင့် ဌာနဆိုင်ရာများ၏ ဘတ်ဂျက်တွင် ထည့်သွင်းလျာထားပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

**မအူပင်မြို့နယ်အတွင်း (VDP)စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှု**

မအူပင်မြို့နယ်သည် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်အတွင်းတည်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး တွံ့တေးမြို့နယ်နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။ မအူပင်မြို့နယ်ကို မြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၆ အုပ်စု၊ ကျေးရွာ ၄၄၂ ရွာဖြင့် ဖွဲ့စည်းထားသည်။ မအူပင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ ကျေးရွာပေါင်း ၈၆ ရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်း ၆၂ ခု၊ မြေသားလမ်းနှစ်ခု၊ ကျေးလက်ဆေးပေးခန်း တစ်ခု၊ တံတားကိုးစင်း၊ ကွန်ကရစ်ဘီးလမ်း ကိုးခု၊ ကျေးလက်ရေပေးရေး သုံးခုနှင့် Mobile Solar ရေသန့်စင်စနစ် ၁၀ ခု စုစုပေါင်း လုပ်ငန်း ၉၆ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပြီး စီမံကိန်းလွှမ်းခြုံမှုမှာ ၁၉ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ပါသည်။

ထို့အပြင် (VDP)စီမံကိန်းပုံစံအတိုင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မအူပင်မြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် ပံ့ပိုးပေးသည့် ရန်ပုံငွေကျပ်သန်း ၉၀ ဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာငါးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဥက္ကဋ္ဌ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အတွင်းရေးမှူးအဖြစ် တာဝန်ယူ၍ အခြားဌာနဆိုင်ရာများ ပါဝင်ဖွဲ့စည်းသည့် မြို့နယ်အဆင့်ကော်မတီအဖွဲ့ဖြင့် စနစ်တကျဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**ဖွံ့ဖြိုးရေးလိုအပ်ချက်အား ဖော်ထုတ်ခြင်း**

မအူပင်မြို့နယ်အတွင်းရှိ ကျေးရွာများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ မြစ်မိုးရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)၊ ကျေးလက်ရေရရှိရေး၊ ကျေးလက်မီးလင်းရေးနှင့် ကျေးလက်ကုန်ထုတ်လမ်း/တံတားများအပြင် စိုက်ပျိုးရေးအခက်အခဲဖြစ်ပေါ်နေသော တောင်သူများအတွက် ဆိုလာရေတင်စနစ်ဖြင့်

*စာမျက်နှာ ၁၁ သို့*

- ❖ **ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအား ကျေးလက်နေပြည်သူများကိုယ်တိုင် ကျေးရွာ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ဦးစားပေးအစီအစဉ်အလိုက် စီမံချက်များ ရေးဆွဲဖော်ထုတ်နိုင်စေရန်၊ ကျေးရွာများ၏ ဦးစားပေးစီမံချက်အပေါ် အခြေခံ၍ နှစ်စဉ်ရန်ပုံငွေများ လျာထားပြီး စီမံချက်လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်၊ ကျေးရွာမှ ထွက်ပေါ်လာသော စီမံချက်လုပ်ငန်းများအား မြို့နယ်အဆင့် ဦးစီးဌာနအသီးသီး၏ ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ချိတ်ဆက်နိုင်စေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိ**
- ❖ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးသည် လွန်စွာအရေးကြီးသည်။ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်မှသာလျှင် ကျေးရွာအုပ်စုအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့် စသည်ဖြင့် အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်လာမည်**

# မြင်းခြံမြို့နယ် ဆုံရွာကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများ၏ ကျန်ရစ်သူမိသားစုဝင်များနှင့် နေအိမ်မီးလောင်ပျက်စီး ဆုံးရှုံးခဲ့ရသည့် မိသားစုဝင်များအတွက် အလှူငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်




**နေပြည်တော် မေ ၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာ၏ အရှေ့ဘက်ရှိ ဆုံရွာကျေးရွာကို ယနေ့နံနက်ပိုင်းက PDF အမည်ခံ အကြမ်းဖက် သမားများက လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ကျေးရွာနေ ဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၃၂ ဦးသေဆုံးခဲ့ပြီး အမျိုးသား ငါးဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၄ ဦး ဗုံးစထိမှန် ဒဏ်ရာများ ရရှိခဲ့သည်။

ထို့ပြင် ကျေးရွာအတွင်း စစ်ရေးနှင့် မသက်ဆိုင်သည့် အေးချမ်းစွာ နေလိုသည့် အပြစ်မဲ့ပြည်သူများ၏ အိုးအိမ်များအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့ရာ ကျေးရွာအတွင်းရှိ နေအိမ်အလုံး ၅၀ ခန့် မီးလောင်ဆုံးရှုံးခဲ့မှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ယနေ့ နေ့လယ်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ တာဝန်ရှိသူများက PDF အမည်ခံ အကြမ်းဖက်သမားများ၏ ပစ်ခတ်သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ရသူများ၏ မိသားစုဝင်များနှင့် နေအိမ်ဆုံးရှုံးခဲ့ရသည့် ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကား ပြောကြားသည်။

ထို့နောက် ကျေးရွာရှိ ပြည်သူများအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လှူဒါန်းသည့် အလှူငွေကျပ် ၃၄၆ သိန်းနှင့် ငွေကျပ် သိန်း၁၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ပဲ တို့ကို လည်းကောင်း၊ တိုင်းစစ်ဌာနချုပ်မှ လှူဒါန်းသည့် ငွေကျပ်သိန်း ၅၀ နှင့် ဆန် ၂၅ အိတ်၊ ဆီ ပိဿာ ၅၀၊ ပဲ ပိဿာ ၅၀၊ ဆား ၂၅ ပိဿာ တို့ကို လည်းကောင်း ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သန်လျင်အထွေထွေရောဂါကုဆေးရုံကြီး၌ ကမ္ဘာ့လက်သန့်ရှင်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၉**

သန်လျင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်း အဝေးခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီက ကမ္ဘာ့လက်သန့်ရှင်းရေးနေ့ ( World Hand Hygiene Day) အထိမ်းအမှတ် အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ဆေးရုံအုပ်ကြီးဒေါက်တာချောနန္ဒီက ကျန်းမာရေးဝန်ထမ်းများအားလုံး နည်းစနစ်မှန်ကန်စွာ လက်ဆေးခြင်း၊ လက်ဆေးသင့်သည့်အချိန်တိုင်း စနစ်တကျလက်ဆေးခြင်းတို့ကို လိုက်နာဆောင်ရွက်နိုင်ရန် အသိပညာနှင့် အမူအကျင့်များ မြှင့်တင်နိုင်ရေးအတွက် နှစ်စဉ် မေ ၅ ရက်နေ့အား ကမ္ဘာ့လက်သန့်ရှင်းရေးနေ့အဖြစ် သတ်မှတ်ကျင်းပလျက်ရှိကြောင်း၊ ထို့ကြောင့် ကျန်းမာရေးဝန်ထမ်းများအားလုံးက လိုက်နာဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ထမ်းများအား နည်းစနစ်မှန်



လက်ဆေးခြင်းပုံစံ သရုပ်ပြလက်ဆေးခြင်းကို လက်တွေ့သရုပ်ပြသကြသည်။ **(အပေါ်ပုံ)** **သန်းဝင်း(သန်လျင်)**



## သီပေါ သီတဂူစက္ခုဒါနဆေးရုံကြီး၌ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေး

**သီပေါ မေ ၉**

ကမ္ဘာ့သာသနာပြု သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အရှင်သူမြတ် ဩဝါဒခံယူလျက် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ မဟာမြတ်မုနိ ဘုရားကြီးကျောင်းတိုက် ပဓာနနာယကနှင့် သီတဂူ (သီပေါ) စက္ခုဒါနဆေးရုံကြီး၏ ကွပ်ကဲမှုတာဝန်ခံဆရာတော် ဘဒ္ဒန္တ ပညာသီရိ ကြီးကြပ်မှုဖြင့် (၅၃) ကြိမ်မြောက် အခမဲ့ မျက်စိစမ်းသပ်ခွဲစိတ်မှုလုပ်ငန်းများကို မေ ၆ ရက်မှ ယနေ့အထိ မျက်စိဝေဒနာရှင်ပေါင်း ၇၇၃ ဦးကို စမ်းသပ် စစ်ဆေးပြီး ၂၃၀ ကို ခွဲစိတ်ကုသပေးကာ ကျန်လူနာရှင်များအား မျက်မှန်တပ်ဆင်ခြင်းနှင့် မျက်စဉ်းဆေးရည်များဖြင့် ကုသပေးသည်။ **(အပေါ်ပုံ)**

ပညာဒါနဖြင့် ကုသိုလ်ပြုဆောင်ရွက်ပေးသော ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်းမှ မျက်စိအထူးကု ဆရာဝန်ကြီးများ၊ သီပေါမှ ဆရာဝန်ကြီးများ၊ သူနာပြုဆရာမကြီးများနှင့် ခွဲစိတ်ကျွမ်းကျင် ပညာရှင်များ၊ မန္တလေးမှ မျက်မှန်ကျွမ်းကျင်ပညာရှင်များ၊ လုပ်အားဒါနပြုကြသော သီပေါဘုရားကြီးဝေယျာဝစ္စ အဖွဲ့သားများ၊ ဂေါပကအဖွဲ့နှင့် ရေကြည်တော်ဝတ်အသင်းသားများ၊ မြို့မိမြို့ဖများ၏ ကူညီပံ့ပိုးမှုများဖြင့် ယခုကဲ့သို့ ခွဲစိတ်ကုသမှုများ အောင်မြင်ပြီးမြောက်ကြောင်း သိရသည်။

သီပေါ သီတဂူမျက်စိခွဲစိတ်မှုလုပ်ငန်းများကို ၂၀၀၈ ခုနှစ် မတ်လမှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့ (၅၃) ကြိမ်အထိ ကုသပေးမှုမှာ မျက်စိဝေဒနာရှင်ပေါင်း ၅၀၀၀၀ ကျော်ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

*စာမျက်နှာ ၁၀ မှ*

ရေပေးဝေခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ သို့ရာတွင် ကျေးရွာများ၏ ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးလိုအပ်ချက်များသည် အလွန်များပြားလျက်ရှိနေသေးသည်။

ထိုသို့ ကျေးရွာများဖွံ့ဖြိုးရန် လိုအပ်ချက်များစွာရှိသည့်အနက် ကျေးရွာတွင်းလမ်းများ ပြုပြင်ရန်နှင့် အဆင့်မြှင့်တင်ရန် လိုအပ်နေမှုအခြေအနေအား နမူနာအနေဖြင့် မီးမောင်းထိုးပြလိုပါသည်။ မအူပင်မြို့နယ်ရှိ ကျေးရွာ ၄၄၂ ရွာတွင် ကျေးရွာတွင်းလမ်း ခန့်မှန်းမိုင် ၂၄၀ ဒသမ ၅၄၁ မိုင်ရှိသည့်အနက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် (၅ ဒသမ ၃၇၃)မိုင်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် (၂၃ ဒသမ ၂၇၂) မိုင်၊ ဆယ်မားအွန်ဒုံစီမံကိန်းဖြင့် (၀ ဒသမ ၃၂၂)မိုင်၊ ကျေးရွာမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် (၈၂ ဒသမ ၁၃၈)မိုင် စုစုပေါင်း (၁၁၁ ဒသမ ၁၀၅)မိုင် ဆောင်ရွက်ခဲ့ပြီးဖြစ်သဖြင့် ဆောင်ရွက်ရန်ကျန်ရှိသည့် မြေသားလမ်း လမ်းအရှည်မှာ (၁၂၉ ဒသမ ၄၃၆)မိုင် ဖြစ်ပါသည်။ ထိုကျေးရွာတွင်းလမ်းများ ကောင်းမွန်ရန်အတွက် ငါးနှစ်စီမံကိန်းဖြင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုပါက တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် (၂၅ ဒသမ ၈၈၇)မိုင် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သဖြင့် ကဏ္ဍတစ်ခုတည်း၌ပင် ရန်ပုံငွေများစွာ လိုအပ်မည် ဖြစ်ပါသည်။

### ဒို့ကျေးရွာများဖွံ့ဖြိုးဖို့ ပူးပေါင်းပါဝင်ဆောင်ရွက်စို့

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးသည် လွန်စွာအရေးကြီးသည်။ ကျေးရွာများဖွံ့ဖြိုးတိုးတက်မှသာလျှင် ကျေးရွာအုပ်စုအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့် စသည်ဖြင့် အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ပြည်သူဗဟိုပြုစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး တစ်နည်းအားဖြင့် Bottom Up စနစ်ပင် ဖြစ်ပါသည်။

နမူနာအားဖြင့်ဆိုရလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ စီမံကိန်းဆောင်ရွက်ခွင့်ရသည့် ကျေးရွာနေပြည်သူများမှ ကျေးရွာပကတိ လိုအပ်ချက်များကို ဖော်ထုတ်၍ နှစ်အလိုက် ဆောင်ရွက်လိုသည့် ဦးစားပေးလုပ်ငန်းများပါရှိသည့် စီမံချက်စာအုပ်ကို ပြုစုရေးဆွဲခြင်း၊ ဦးစားပေးလုပ်ငန်းအလိုက် (AVIP) အစီအစဉ်အရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထောက်ပံ့သည့် စီမံကိန်းရန်ပုံငွေကျပ် ၁၅ ဒသမ ၀၀ သန်းအပြင် ပြည်သူထည့်ဝင်ငွေများ စုပေါင်း၍ ဌာန၏ကြီးကြပ်မှုနှင့် နည်းပညာပံ့ပိုးပေးမှုဖြင့် ကျေးရွာလူထုကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

ထိုသို့ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ပြုစုထားသည့် စီမံချက်စာအုပ်သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကသာ အသုံးပြုရန်ရည်ရွယ်၍ ပြုစုထားခြင်းမဟုတ်ဘဲ ကဏ္ဍအလိုက် သက်ဆိုင်ရာဌာနများ၊ အလှူရှင်များ၊ NGO ၊ INGO များအနေဖြင့်လည်း လိုအပ်သလို ကျေးရွာလမ်းညွှန်အဖြစ် အသုံးပြုနိုင်စေရန် ဖြစ်ပါသည်။

သို့ဖြစ်၍ ကျေးရွာမှလိုအပ်ချက်အရ ဖော်ထုတ်တင်ပြလာသည့် စီမံချက်စာအုပ်ပါ ဦးစားပေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအပြင် ဆက်စပ်ဌာနများနှင့် သက်ဆိုင်သည့် လုပ်ငန်းများကိုလည်း ထည့်သွင်းလျာထားပေးနိုင်ရေးကို ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ဌာနများ၏ စံနှုန်းသတ်မှတ်ချက်(Criteria)နှင့် ကိုက်ညီမှုမရှိခြင်းကြောင့်သော်လည်းကောင်း၊ သတ်မှတ်ချက်နှင့် ကိုက်ညီသော်လည်း ဘတ်ဂျက်ကန့်သတ်ချက်ကြောင့်သော်လည်းကောင်း လျာထားဆောင်ရွက်ပေးနိုင်မှု အလွန်နည်းပါးနေသေးသည်ကို တွေ့ရှိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဟုဆိုရာ၌ နယ်ပယ်အလွန်ကျယ်ပြန့်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှရရှိသည့် ရန်ပုံငွေတစ်ခုတည်းဖြင့် ဆောင်ရွက်၍ မလုံလောက်နိုင်သဖြင့် ကျေးရွာပြည်သူလူထုမှ တတ်နိုင်သမျှထည့်ဝင်ခြင်း၊ အခြားဆက်စပ်ဌာနများမှလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ရန်ပုံငွေထည့်သွင်းလျာထားခြင်းတို့ ဆောင်ရွက်ပေးမှသာလျှင် ကျေးရွာများအရှိန်အဟုန်ဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

ထို့အပြင် ကဏ္ဍအလိုက် သတ်မှတ်ချက်/ကန့်သတ်ချက်များကိုလည်း တတ်နိုင်သမျှ ဖြေလျှော့ပေးမှသာလျှင် ကျေးရွာများ၏ ပကတိလိုအပ်ချက်များကို လျင်မြန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါ၍ သက်ဆိုင်သူအားလုံး ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒို့ကျေးရွာများ၏ဖွံ့ဖြိုးရေးကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါကြောင်း အကြံပြုတိုက်တွန်း နှိုးဆော်လိုက်ရပါသည်။ ။

## ပညာရေးဝန်ကြီးဌာန

၂၀၂၄ – ၂၀၂၅ ပညာသင်နှစ်

“ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့”

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၄ ခုနှစ်၊ မေလ (၂၃) ရက်နေ့မှ ဇွန်လ (၂) ရက်နေ့ထိ

## ပညာရေးဝန်ကြီးဌာန

### ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ်

### “ အသိပေးကြေညာချက် ”

- ❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း(KG) သို့ အပ်နှံရန်။
- ❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း(Grade 1) သို့ အပ်နှံရန်။

## ပညာရေးဝန်ကြီးဌာန

### ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ်

### ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက် (၁၂) နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်။

## မြန်မာစာ မြန်မာစကား

မြန်မာစာကို နေ့တိုင်းရေးနေကြသည်။ မြန်မာစကားကို နေ့တိုင်းပြောနေကြသည်။ သို့သော် အမှတ်မဲ့သော်လည်းကောင်း၊ အမှတ်မှား၍သော်လည်းကောင်း၊ အမှား၊ အမှန် မကွဲပြား၍သော်လည်းကောင်း အသံထွက်ပုံထွက်နည်း မှားယွင်းကြသည်။ အက္ခရာရေးဆွဲပုံ၊ ရေးဆွဲနည်း လွဲနေတတ်သည်။

### ကိန်းဂဏန်း သင်္ကေတရေးဆွဲပုံ

မြန်မာကိန်းဂဏန်း ဆယ်လုံးရှိသည်။ ထိုဆယ်လုံးကို မျဉ်းလေးကြောင်းအတွင်း ရေးသွင်းလျှင် အောက်ပါအတိုင်း တွေ့နိုင်သည်။




၁။ ၁၊ ၈၊ ၀ ကို မျဉ်းလယ်တွင် ရေးဆွဲရသည်။
၂။ ၂၊ ၃၊၄၊ ၅၊ ၇၊ ၉ တို့ကို မျဉ်းလယ်တွင် အခြေတည်၍ အောက်မျဉ်းအထိ ရေးဆွဲရသည်။
၃။ ၆ ကို မျဉ်းလယ်တွင် အခြေတည်၍ အပေါ်ဆုံးမျဉ်းအထိ ရေးဆွဲရသည်။

### ဂ ငယ် နှင့် ရှစ်

ဗျည်းအက္ခရာ ဂ နှင့် ကိန်းဂဏန်းသင်္ကေတ ၈ တို့သည် ပုံသဏ္ဌာန်ချင်း တူသည်။ ကွဲပြားချက်တစ်ခုသာ ရှိသည်။

အက္ခရာ ဂ ငယ်တွင် **အဆန်** မပါ။

ဂဏန်း ၈ တွင် **အဆန်**ပါသည်။

ထို့ကြောင့်

**အဆန်မပါ၊ ဂငယ်ပါ၊**

**ပါလျှင်ဂဏန်း ရှစ်။**




### ရကောက် နှင့် ခုနစ်

မြန်မာဗျည်း သုံးဆယ့်သုံးလုံးတွင် နှစ်ဆယ့်ခုနစ်လုံးမြောက် ဗျည်းကို **ရကောက်** ဟု ခေါ်သည်။ ရ ဟု ရေးရသည်။ ဦးခေါင်းတွင် **အဆန်** ပါသည်။

ကိန်းဂဏန်း **ခုနစ်** ကို ရေးသော် ၇ ဟု ရေးရသည်။ **အဆန် မထည့်ရ။ အဆန် ထည့်လျှင် ရကောက်နှင့်** မှားတတ်သည်။

ထို့ကြောင့်

ရကောက်မှန်ခဲ့

**အဆန်ထည့်၊**

**အဆန်မဲ့လျှင် ခုနစ်ပင်။**




(မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။)

# အစ္စရေးတပ်ဖွဲ့များ ရာဖာမြို့ကို ထိုးစစ်ဆင်ပါက အမေရိကန်လက်နက်တင်ပို့မှု ရပ်ဆိုင်းမည်


အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်

**ဝါရှင်တန် မေ ၉**

ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်း ရာဖာမြို့တွင် မြေပြင်ထိုးစစ်ဆင်မှုများကို အစ္စရေးတပ်ဖွဲ့က ပြုလုပ်ပါက အမေရိကန်မှအစ္စရေးသို့ လက်နက်တင်ပို့မှုများ ရပ်နားထားမည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောသည်။

အမေရိကန်မှ ထောက်ပံ့ပေးထားသည့် အခြားသော လက်နက်များနှင့် ဗုံးများကြောင့် ဂါဇာရှိအရပ်သားများ အသတ်ခံနေရကြောင်း မေ ၈ ရက်က အင်တာဗျူးတွင် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ပြောသည်။ ရာဖာမြို့တွင် ထိုးစစ်ဆင်မှုများကို အစ္စရေးဘက်မှ ပြုလုပ်ပါက အမေရိကန်သည် လက်နက်များ ထောက်ပံ့တော့မည်မဟုတ်ဟု ၎င်းက ပြောသည်။

ပြီးခဲ့သည့် အောက်တိုဘာလအတွင်း အစ္စရေးနှင့် ဟားမားစ်တို့ တိုက်ပွဲများ စတင်သည့်အချိန်မှစကာ ပထမဆုံးအကြိမ်အဖြစ် အမေရိကန်သည် အစ္စရေးသို့ လက်နက်များ ထောက်ပံ့ခြင်းကို ရပ်နားမည်ဟု လူသိရှင်ကြား ပြောကြားခဲ့ခြင်းဖြစ်သည်။ ဘိုင်ဒင်သည် အစ္စရေးနိုင်ငံအပေါ် ဖိအားများ တိုးမြှင့်လိုသည်။

အရပ်သားများ သေဆုံးမှုများပြားနေစဉ် အမေရိကန်၏ စစ်ဘက်ဆိုင်ရာ ထောက်ပံ့မှုအပေါ် ပြည်တွင်းပြည်ပမှ ဝေဖန်မှုများကို ရှောင်ရှားခဲ့သည်။ အခြားတစ်ဖက်တွင်လည်း အစ္စရေး၏ ကာကွယ်ရေးတွင် အမေရိကန်၏ ကတိကဝတ်ကို အလေးထားဆဲဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အစ္စရေးနိုင်ငံ၏ လုံခြုံရေးမှ ဖယ်ခွာသွားမည် မဟုတ်ကြောင်းလည်း ဘိုင်ဒင်ကပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဘရာဇီးနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူ ၁၀၀ အထိရှိလာ



**ရီယိုဒီဂျနေးယိုး မေ ၉**

ဘရာဇီးနိုင်ငံ တောင်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သေဆုံးသူဦးရေမှာ ၁၀၀ အထိ ရှိလာပြီဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။ မိုးသည်းစွာ ရွာသွန်းမှုဖြစ်ပွားနေသည့် နေရာဒေသများတွင် ခိုးဆိုးလုယက်မှုများ ပေါ်ပေါက်လာသည့်အတွက် လုံခြုံရေးစိုးရိမ်ပူပန်မှုများ မြင့်မားလာရသည်။ ဧပြီလနှောင်းပိုင်းမှ စတင်ခဲ့သည့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရီယိုဂရန်ဒီဒိုဆူးလ် ပြည်နယ်တစ်လွှား ရေကြီးမှုများ ဖြစ်ပေါ်ခဲ့သည်။ ပြည်နယ်မြို့တော် ပေါ်တိုအယ်လီဂရီရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဘောလုံးကွင်းတို့မှာလည်း ရေမြုပ်ခဲ့ရသည်။

ရေကြီးမှုကြောင့် သေဆုံးသူ ၁၀၀ ရှိပြီး ပျောက်ဆုံးနေသူ ၁၂၈ ဦး ရှိသည်ဟု ဒေသခံအရာရှိများက မေ ၈ ရက်တွင် ပြောသည်။ အဆိုပါသဘာဝဘေးကြောင့် လူပေါင်း ၁၆၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရပြီး လူဦးရေ ၁ ဒသမ ၄၅ သန်းမှာ လျှပ်စစ်မီးပြတ်တောက်မှုနှင့် သောက်သုံးရေပြတ်လပ်မှုတို့ကို ခံစားခဲ့ရသည်။ ဈေးဆိုင်များနှင့် နေအိမ်များတွင် လုယက်ခံရမှုများ၊ အသက်ကယ်လှေ အခိုးခံရမှုများ ဖြစ်ပေါ်ခဲ့သည်ဟု ဒေသတွင်းမီဒီယာတွင် ဖော်ပြသည်။

ရီယိုဂရန်ဒီဒိုဆူးလ် ပြည်နယ်သည် ဘရာဇီးနိုင်ငံရှိ အဓိက ဆန်စပါးစိုက်ပျိုးရာ ဒေသဖြစ်ပြီး တိုင်းပြည်၏ ဆန်စပါးထုတ်လုပ်မှု ၇၀ ရာခိုင်နှုန်းရှိသည်။ အကယ်၍ လိုအပ်လာပါက ဆန်စပါးနှင့် အခြားသောပစ္စည်းများကို ပြည်ပမှ တင်သွင်းမည်ဟု ဘရာဇီးသမ္မတ လူဝစ်ဇ်အန်နာစီယို လူလာဒီ ဆေးလ်ဗာက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# တရုတ်နိုင်ငံက ဂြိုဟ်တုသစ်တစ်လုံးကို အောင်မြင်စွာလွှတ်တင်



**ရှီးချန်း မေ ၉**

တရုတ်နိုင်ငံသည် မေ ၉ ရက်တွင် Long March-3B သယ်ဆောင်ရေး ဒုံးပျံတစ်စင်းကို အသုံးပြု၍ ဂြိုဟ်တုသစ်တစ်လုံးကို အာကာသအတွင်း အောင်မြင်စွာလွှတ်တင်နိုင်ခဲ့သည်။

**အောင်မြင်စွာ လွှတ်တင်**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ရှီးချန်းပြည်နယ် ရှီးချန်း ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ Smart SkyNet-1 01 ဂြိုဟ်တုအား အာကာသထဲသို့ ပေကျင်းစံတော်ချိန် နံနက် ၉ နာရီ ၄၃ မိနစ်တွင် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်။

**ဂြိုဟ်ပတ်လမ်းသို့ ရောက်ရှိ**

ဂြိုဟ်တုသည် သတ်မှတ်ဂြိုဟ်ပတ်လမ်းအတွင်းသို့ အဆင်ပြေ ချောမွေ့စွာရောက်ရှိသွားပြီး ဂြိုဟ်တုလွှတ်တင်ရေး တာဝန် အောင်မြင်စွာ ပြီးဆုံးခဲ့သည်။

ယခုလွှတ်တင်မှုသည် Long March ဒုံးပျံဆီးရီး၏ ၅၁၃ မြောက် ပျံသန်းမှု မစ်ရှင်ဖြစ်သည်။

**ဆင်ဟွာ**

# နာတာရှည်ကိုဗစ်-၁၉ အတွက် ဖြစ်နိုင်ခြေရှိသည့် ကုသမှုများကို အမေရိကန်က စမ်းသပ်သွားမည်

**ဝါရှင်တန် မေ ၉**

ကိုဗစ်-၁၉ ကူးစက်ခံရပြီးနောက် ကာလရှည်ကြာရောဂါ လက္ခဏာများ ခံစားရခြင်းအတွက် အလားအလာရှိသော ကုသမှုများကို အမေရိကန် အမျိုးသားကျန်းမာရေး အင်စတီကျုမှ စမ်းသပ်သွားမည်ဟု အေဂျင်စီက မေ ၈ ရက်တွင်ကြေညာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ခံရပြီးနောက်ပိုင်း အိပ်ရေးပျက်ခြင်း၊ လေ့ကျင့်ခန်းများ မလုပ်နိုင်ခြင်းနှင့် post – exertional malaise (PEM) ဟုခေါ်သည့် ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာအားထုတ်မှုများ ပိုမိုဆိုးရွားလာခြင်းတို့အပါအဝင် ရောဂါလက္ခဏာများကို ကုသနိုင်မည့် နည်းလမ်းများကို ရှာဖွေသွားမည်ဟု သိရသည်။

စမ်းသပ်မှုအသစ်တွင် လေ့လာရေးဆိုဒ်ပေါင်း ၅၀ ခန့်မှ လူပေါင်း ၁၆၆၀ ပါဝင်မည်ဖြစ်ပြီး မကြာခဏအဖြစ်များသည့် ဝန်ထုပ်ဝန်ပိုးဖြစ်စေသော ရောဂါလက္ခဏာများကို ကုသရန် အလားအလာရှိသည့် ကုထုံးများကို ရှာဖွေသွားမည်ဟု အမျိုးသားကျန်းမာရေးအင်စတီကျုက ပြောသည်။

**ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံတွင် မီးလောင်မှု ၃၇၂ ကြိမ် ဖြစ်ပွားပြီး သုံးဦးသေဆုံး

**ဟန္နွိုင်း မေ ၉**

ဗီယက်နမ်နိုင်ငံတွင် ယခုနှစ် ပထမလေးလအတွင်း မီးလောင်မှု ၃၇၂ ကြိမ်ဖြစ်ပွားခဲ့ပြီး သုံးဦးသေဆုံးခဲ့ကာ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း မီးဘေးကာကွယ်ရေး၊ မီးလောင်မှုတိုက်ဖျက်ရေးနှင့် ကယ်ဆယ်ရေး ဌာနက သတင်းထုတ်ပြန်ခဲ့သည်။

မီးလောင်မှုကြောင့် ဗီယက်နမ်ဒေါင် ၁၈ ဒသမ ၆၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၃၄၇၀၀) ဆုံးရှုံးခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက မေ ၉ ရက်က ဖော်ပြခဲ့သည်။ မီးလောင်မှု ၂၁၈ ကြိမ်သည် ကျေးလက်ဒေသများတွင် ဖြစ်ပွားခဲ့သည်။

နိုင်ငံတစ်ဝန်း မီးလောင်မှု ၃၇၂ ကြိမ်အနက် ၂၀၄ ကြိမ်သည် လျှပ်စစ်စနစ် ချို့ယွင်းချက်ကြောင့် သို့မဟုတ် ပေါ့ဆမီးကြောင့်ဖြစ်သည်။ ဖော်ပြပါကာလအတွင်း ပေါက်ကွဲမှုလေးကြိမ်ဖြစ်ပွားပြီး တစ်ဦးသေဆုံးခဲ့ကာ ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါဌာနက ဆက်လက်ဖော်ပြထားသည်။

**ဆင်ဟွာ**



✳ *ကျောဖုံးမှ*

ရှိသည့် အစွန်းအဖျား၊ ကျေးရွာ/ရပ်ကွက်အုပ်စုများသို့ အကြောက်တရားဖြစ်ပေါ်စေရေး လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခြင်း၊ နေအိမ်၊ စာသင်ကျောင်းနှင့် ဘာသာရေးအဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာ၏ အရှေ့ဘက် မီတာ ၄၀၀၀ ခန့်အကွာရှိ ဆုံရွာကျေးရွာ ပြည်သူ့စစ်စခန်းအား ယနေ့နံနက်ပိုင်းတွင် ကျေးရွာ၏ တောင်ဘက်နှင့် အရှေ့တောင်ဘက်မှနေ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကျေးရွာရှိ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာပြည်သူ့စစ်စခန်းအား သိမ်းပိုက်နိုင်ခြင်းမရှိဘဲ အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ဆုတ်ခွာစဉ် နီးစပ်ရာ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အကြမ်းဖက်သမားများက ကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် နေအိမ်များပေါ်သို့ လက်နက်ကြီးကျည်များ ကျရောက် ပေါက်ကွဲခဲ့ပြီး ကျေးရွာအတွင်း အေးချမ်းစွာ နေထိုင်လျက်ရှိသည့် ဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ကာ အမျိုးသား ၅ ဦး၊ အမျိုးသမီး ၉ ဦး၊ စုစုပေါင်း ၁၄ ဦး ဖုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

ထို့အပြင် အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ကျေးရွာအတွင်းရှိ နေအိမ် ၅၀ ခန့် မီးလောင်ပျက်စီးခဲ့သဖြင့် ကျေးရွာနှင့် အနီးဆုံးလုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်၍ လိုအပ်သည့် မီးငြိမ်းသတ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးကာ ထိခိုက်ဒဏ်ရာ ရရှိသူများအား မန္တလေးမြို့ရှိ နယ်မြေခံတပ်မတော် ဆေးရုံသို့ပို့ဆောင်၍ ဆေးဝါးကုသမှုများခံယူစေလျက်ရှိကြောင်းနှင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သည့် အကြမ်းဖက်သမားများအား လိုက်လံချေမှုန်းကာ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မြင်းခြံမြို့နယ် ဆုံရွာကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင် ပစ်ခတ်တိုက်ခိုက်ပြီး ကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



မြင်းခြံမြို့နယ် ဆုံရွာကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး ကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။










မြင်းခြံမြို့နယ် ဆုံရွာကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး ကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

## ပခုက္ကူမြို့နယ် ကံသစ်ကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများကို သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်သွားခြင်းနှင့် နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကံသစ်ကျေးရွာကို လုံခြုံရေး တပ်ဖွဲ့ဝင်များက မေ ၈ ရက်တွင် ဝင်ရောက်စီးနင်းပြီး ပြည်သူနှစ်ဦးကို ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ၂၀ ကို ဖမ်းဆီးခေါ်ဆောင်သွားခြင်းနှင့် နေအိမ် ၁၃ လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက အထင်အမြင်လွဲမှားဖွယ် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ပခုက္ကူမြို့နယ် ကံသစ်ကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများကို အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် PDF အမည်ခံ အကြမ်းဖက်သမားများက ကံသစ်ကျေးရွာအနီးတစ်ဝိုက်တွင် အခြေပြုလှုပ်ရှား ဆောင်ရွက်နေကြောင်း အကြမ်းဖက်လုပ်ရပ်များကို အားပေး ထောက်ခံခြင်းမရှိသည့် တာဝန်သိ ပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ မေ ၈ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာအနီး နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်စဉ် အကြမ်းဖက်သမားများ၏ ယာယီတဲစခန်းတစ်ခုအားတွေ့ရှိခဲ့ပြီး ဝင်ရောက်ရှင်းလင်းစဉ် အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ကာ အကြမ်းဖက်သမားများက ကံသစ်ကျေးရွာရှိ နေအိမ်များကို မီးရှို့ထွက်ပြေးသွားခဲ့သည့်အတွက် နေအိမ်များ မီးလောင်ပျက်စီးခဲ့ရခြင်း ဖြစ်ကြောင်း၊ ထို့နောက် ယာယီတဲစခန်းအတွင်းမှ အကြမ်းဖက်သမား အလောင်းနှစ်လောင်း၊ လက်လုပ်သေနတ် ငါးလက်နှင့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေပြီး အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် ယခုကဲ့သို့ ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကမ္ဘာ့ဝါဂွမ်းသုံးစွဲမှု၊ စိုက်ပျိုးထုတ်လုပ်မှုနှင့် မြန်မာ့ဝါဂွမ်းသမိုင်း အကျဉ်းချုပ်

ဒေါက်တာချစ်



### ဝါဂွမ်းသုံးစွဲမှု

ကမ္ဘာ့ဝါဂွမ်းသုံးစွဲမှုသည် တိုးတက်များပြားလာသည်။ တိုးတက်မှုနှုန်းသာလျှင် ပုံမှန်မဟုတ်ချေ။ ဝါဂွမ်းသုံးစွဲမှုပမာဏသည် ဒေသအလိုက် ခြားနားသည်။ တရုတ်၊ အိန္ဒိယ၊ အမေရိကန်ပြည်ထောင်စု၊ ပါကစ္စတန်နှင့် တူရကီနိုင်ငံတို့သည် ကမ္ဘာ့ဝါဂွမ်းသုံးစွဲမှု ပမာဏ၏ ၆၆ ရာခိုင်နှုန်းခန့်ကို ၁၉၉၉-၂၀၀၀ ပြည့်နှစ်တွင် သုံးစွဲခဲ့သည်။ ဒေသအလိုက် ဝါဂွမ်းသုံးစွဲမှုပမာဏ အတိုးအလျော့သည် ချည်မျှင်တု ဈေးနှုန်းဖြင့် ပြိုင်ဆိုင်ရခြင်း၊ ကမ္ဘာ့စီးပွားရေး၊ အထည်ရက်လုပ်မှုနှင့် ရောင်းချမှုဆိုင်ရာ မူဝါဒစသည်တို့အပေါ်တွင် တည်နေသည်။

ဝါဂွမ်းကို၁၇၈၃ ခုနှစ်တွင်အထည်ရက်လုပ်ရာတွင် ၄ ဒသမ ၅ ရာခိုင်နှုန်းသာ သုံးစွဲခဲ့ပြီး သိုးမွေး ၇၇ ရာခိုင်နှုန်းနှင့် လျှော်၁၈ ဒသမ ၅ ရာခိုင်နှုန်းသုံးစွဲခဲ့သည်။ ၁၈၈၃ ခုနှစ်တွင် ဝါဂွမ်းကို ၇၃ ရာခိုင်နှုန်း သုံးစွဲပြီး သိုးမွေး ၂၀ ဒသမ ၅ ရာခိုင်နှုန်းနှင့် လျှော် ၆ ဒသမ ၅ ရာခိုင်နှုန်းသုံးစွဲခဲ့သည်။ ၁၉၅၀ ပြည့်နှစ်ရောက်သောအခါ ဝါဂွမ်းကို ၈၄ ရာခိုင်နှုန်း၊ သိုးမွေး ၁၂ ရာခိုင်နှုန်းနှင့် လျှော် ၄ ရာခိုင်နှုန်း သုံးစွဲခဲ့သည်။ ဝါဂွမ်းသည် အဝတ်အထည်လုပ်ငန်းတွင် အဓိက ကုန်ကြမ်းဖြစ်သည်။ ၁၉၄၀ ပြည့်နှစ်မှစ၍ ပေါ်ပေါက်လာသော ချည်မျှင်တု၊ ရေယွန်၊ နိုင်လွန်တို့နှင့် ဝါဂွမ်းချည်သည် ယှဉ်ပြိုင်လာခဲ့ရာ ၁၉၇၀ ပြည့်နှစ်မှစ၍ ချဉ်မျှင်တုများ၏ ဈေးနှုန်းချိုသာလာသောကြောင့် ဝါချည်ကို သုံးစွဲမှုမှာ တဖြည်းဖြည်း လျော့နည်းလာသည်။ ဤသို့ဖြင့် အဝတ်အထည်ရက်လုပ်ငန်းတွင် ဝါချည်ကို သုံးစွဲမှုမှာ ၁၉၈၆ ခုနှစ်တွင် ၄၅ ဒသမ ၅၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ၁၉၉၁ ခုနှစ်တွင် ၄၉ ရာခိုင်နှုန်း၊ ၁၉၉၆ ခုနှစ်တွင် ၄၅ ရာခိုင်နှုန်း၊ ၁၉၉၈ ခုနှစ်တွင် ၄၁ ဒသမ ၄ ရာခိုင်နှုန်း၊ ၁၉၉၉ ခုနှစ်တွင် ၄၀ ဒသမ ၉ရာခိုင်နှုန်းနှင့် ၂၀၀၀ ပြည့်နှစ်တွင် ၄၀ ဒသမ ၇ ရာခိုင်နှုန်းသို့ တဖြည်းဖြည်း ကျဆင်းလာသည်။ ယခုခေတ်တွင် ဝါဂွမ်းချည်သည် ဈေးနှုန်းသက်သာလာသော ပိုလီယက်စတာ ချည်မျှင်တုနှင့် ယှဉ်ပြိုင်နေရသည်။ ဈေးနှုန်းသာမက အထည်အလိပ် ကူးသန်းရောင်းဝယ်မှု မူဝါဒ၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စက်မှုလုပ်ငန်းများ ထူထောင်မှု၊ လူတို့၏ဝတ်ဆင်မှုပုံစံ (အသင့်ချုပ်ပြီး အထည်များ၊ ဖိုးရိုးဖားရားအထည်များ လူကြိုက်များလာမှု) ပြောင်းလဲလာမှု စသည်တို့ကြောင့် ပါဝါချည်သုံးစွဲမှုလျော့နည်းလာရသည်။ သို့ရာတွင် ဖွံ့ဖြိုးပြီး နိုင်ငံများ၌မူ လူတို့သည် ဝါချည်ထည်ကို အထူးနှစ်သက်လာကြသည်။ ထို့ကြောင့် ၂၀၁၀ ပြည့်နှစ်အထိ ဝါဂွမ်းသုံးစွဲမှုသည် တစ်ရာခိုင်နှုန်း တိုးတက်နေပြီး အထည်အလိပ်လုပ်ငန်းအတွက် ဝါချည်သည် ၃၇ ရာခိုင်နှုန်းခန့်ပါဝင်နေမည်ဟု ခန့်မှန်းကြသည်။

ကမ္ဘာတွင် ဝါဂွမ်းစိုက်ပျိုးထုတ်လုပ်သော နိုင်ငံက ထွက်သမျှကို ပြည်တွင်း၌ ကုန်အောင်မသုံးစွဲနိုင်သကဲ့သို့ ဝါဂွမ်းသုံးစွဲနေရသော နိုင်ငံကလည်း မိမိပြည်တွင်း၌ ဝါဂွမ်းကို စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း မရှိကြချေ။ ထို့ကြောင့် ဝါဂွမ်းကူးသန်းရောင်းဝယ်မှုသည် အထူးအရေးကြီးသည်။ ကမ္ဘာ့ဝါဂွမ်းပမာဏ၏ ၃၀ ရာခိုင်နှုန်းခန့်သည် နယ်ကျော်၍ ကူးသန်းရောင်းဝယ်ကြသည်။ ထိုပမာဏသည် ဂျုံ၊ ပြောင်းဖူး၊ ပဲပုပ်စေ့၊ ဆန်စပါး၊ သီးနှံတို့ထက် များပြားသည်။

### ကမ္ဘာ့ဝါဂွမ်း စိုက်ပျိုးထုတ်လုပ်မှု

ဝါစိုက်ပျိုးသောဧရိယာသည် အကြောင်းအမျိုးမျိုးကြောင့် အတိုးအလျော့ရှိခဲ့သည်။ သို့ရာတွင် လွန်ခဲ့သော ၈၈ နှစ်အတွင်း အနည်းဆုံး ဧက ၆၃ သန်းမှ အများဆုံး ဧက ၈၉ သန်းအတွင်း စိုက်ပျိုးခဲ့သည်။ တစ်ဧကအထွက်နှုန်းသည် ၁၅၅ ပိဿာမှ ၄၄၅ ပိဿာအထိ တိုးတက်လာသည်။ အထွက်နှုန်းတိုးတက်လာမှုနှင့် ဧရိယာတိုးတက်လာမှုတို့ကြောင့် ကမ္ဘာ့စုစုပေါင်း ဂွမ်းအထွက်နှုန်းသည်လည်း ၅၀၂၅ တန်မှ ၁၈၈၈၇ တန်သို့ တိုး၍လာကြောင်း တွေ့ရသည်။ အထွက်နှုန်းသည် အဓိကအားဖြင့် နည်းပညာနှင့် သွင်းအားစု သုံးစွဲနိုင်မှုကြောင့်ဖြစ်သည်။

ဝါစိုက်ပျိုးမှုသည် ဒေသအလိုက် အတိုးအလျော့များရှိသည်။ သိသာစွာတိုးချဲ့ စိုက်ပျိုး သောနိုင်ငံများမှာ အာဖရိကအနောက်ခြမ်းမှ ပြင်သစ်စကားပြောသောနိုင်ငံများ ဘီနင်၊ ချက်ဒ်၊ မာလီ၊ တိုဂို၊ ဘာကီနာဖာဆို၊ ကုတ်ဒီအိုင်ဗိုရီ၊ ဥရောပသမဂ္ဂမှ ဂရိနှင့် စပိန်၊ အရှေ့အာရှမှ ဩစတြေးလျ၊ တောင်အာရှမှ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ ပါကစ္စတန် ၊ အရှေ့အလယ်ပိုင်းမှ အီရန်၊ ဆီးရီးယား တို့ဖြစ်ကြသည်။ တစ်ဖန် သိသာစွာ လျော့နည်း စိုက်ပျိုးလာသောဒေသများမှာ ဥရောပတိုက် အလယ်ပိုင်းနိုင်ငံများ၊ တရုတ်နိုင်ငံ၊ အာဖရိကတိုက် မြောက်ပိုင်းနိုင်ငံများ၊ ယခင်ဆိုဗီယက် ပြည်ထောင်စုနိုင်ငံများ၊ အမေရိကတိုက် တောင်ပိုင်းနိုင်ငံများ၊ အမေရိကတိုက်မြောက်ပိုင်းနိုင်ငံတို့ ဖြစ်ကြသည်။ အဓိကလျော့နည်းစိုက်ပျိုးသော နိုင်ငံများမှာ တရုတ်၊ ဘရာဇီး၊ မက္ကဆီကို၊ အီဂျစ်၊ ကိုလံဘီယာ၊ ဆူဒန်၊ နိုင်ဂျီးရီးယား၊ တန်ဇန်နီးယားနှင့် အစ္စရေးတို့ ဖြစ်ကြသည်။ ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ် အထိ အနှစ် ၂၀ အတွင်း စိုက်ဧရိယာ ၃ ဒသမ ၅၃ ရာခိုင်နှုန်း လျော့နည်းသွားသည်။

၁၉၉၉-၂၀၀၀ ပြည့်နှစ်တွင် စိုက်ပျိုးဧရိယာ အများဆုံး ၂၉ ဒသမ ၈ သန်း ဧက စိုက်ပျိုးသော ဒေသမှာ တောင်အာရှဒေသဖြစ်ပြီး တစ်ဧက ဝါထွက်အများဆုံး ၁၀၅၉ ပိဿာ ဖြစ်သော ဒေသမှာ အရှေ့အာရှဖြစ်သည်။ တစ်ဧကဝါထွက်နှုန်း အများဆုံး ၁၂၆၆ ပိဿာ (ဂွမ်း ၁၆၆၅ ကီလို)ဟက်တာ ဖြစ်သောနိုင်ငံမှာ ဩစတြေးလျဖြစ်ပြီး ဒုတိယ အများဆုံး ၁၂၃၅ ပိဿာ (ဂွမ်း ၁၆၂၄ ကီလိုဟက်တာ) ဖြစ်သောနိုင်ငံမှာ အစ္စရေးဖြစ်သည်။ စုစုပေါင်း ဂွမ်းထွက်တန်ချိန်အများဆုံး ၃ ဒသမ ၈ သန်း ထွက်ရှိသောနိုင်ငံမှာ တရုတ်ဖြစ်သည်။ အမေရိကန်နိုင်ငံသည် ၃ ဒသမ ၇ သန်း၊ အိန္ဒိယနိုင်ငံသည် ၂ ဒသမ ၇ သန်း၊ ပါကစ္စတန်သည် ၁ ဒသမ ၈ သန်း၊ ဥဇဘက်ကစ္စတန်သည် ၁ ဒသမ ၂သန်း၊ တူရကီသည် ၀ ဒသမ ၈သန်း၊ ဩစတြေးလျနိုင်သည် ၀ ဒသမ ၇ သန်း၊ ဘရာဇီးသည် ၀ ဒသမ ၆ သန်း အသီးသီး ဝါဂွမ်းထုတ်လုပ်ကြသည်။ တရုတ်၊ အမေရိကန်၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် ဥဇဘက်ကစ္စတန်ငါးနိုင်ငံ၏ ထုတ်လုပ်မှုပမာဏသည် ကမ္ဘာ့ဝါဂွမ်းထုတ်လုပ်မှု ပမာဏ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသည်။

### မြန်မာ့ဝါဂွမ်းသမိုင်း အကျဉ်းချုပ်

ဝါဝေါဟာရ။ ဝါ ဟူသော ဝေါဟာရသည် တိဘက်ဘာသာ 'ဗလ်'မှ ဆင်းသက်လာသည်ဟု ဆိုသည်။ တိဘက်ဘာသာ ' ဗလ်' သည် 'သိုးမွေး' ဖြစ်သည်။ မြတောင်ဆရာတောက်က ပညတ်နက်ကျမ်း (စာ-၃၁၉)တွင် ဝါပင်ကို ပါဠိအလိုအရ 'ဝသ'ဟု ဖွင့်ဆိုသည်။ ဝသမှ 'ဝါ' ဖြစ်လာသည်ဟု ဆိုသည်။ မဟာဇေယသင်္ခယာဘွဲ့ခံ လေ့သင်း အတွင်းဝန်၏ ဝေါဟာရလီနတ္ထဒီပနီကျမ်း (စာမျက်နှာ-၁၆၂)တွင် ဝဒရ သဒ္ဒါတွင် ဒ၊ ရ နှစ်လုံး ကျေ၍ အရင်းအက္ခရာ "ဝ" တစ်လုံးကိုယူ၍ 'ဝါ'ဟု ခေါ်ဝေါ်ကြောင်း သဒ္ဒါသည် မြဲခြင်း၊ ခိုင်ခံ့ခြင်း အနက်ပေးကြောင်း ဖော်ပြထားသည်။

### မြန်မာ့ဝါအစ

သက္ကရာဇ် ၈၄၄-၈၄၈ ခုနှစ်တွင် ဘာဆရာမှ ပါရှားခရီးသွားသူ (Ibn/ Khordazbeh) ၏ မှတ်တမ်းတွင် တရုတ်ဘုရားဖူး ခရီးသည်များ၏ ပြောပြချက်အရ "အောက်မြန်မာနိုင်ငံ ရာမဘုရင်မင်းတွင် ဆင်ကောင်ရေ ငါးသောင်းရှိကြောင်း၊ သူတို့တိုင်းပြည်က ကတ္တီပါကဲ့သို့ နူးညံ့သောဝါချည်ဖြင့် ရက်လုပ်သည့် အထည်အလိပ်ထွက်ရှိကြောင်း၊ ဟင်ဒီဟုခေါ်သော အကျော်ပင် (Aloe wood of sort Hindi) ထွက်ကြောင်း သိရသည်ဟု ဖော်ပြထားသည်။

၉ ရာစုနှစ် မတိုင်မီ (ပျူခေတ်)တွင် ဝါဂွမ်းကို သုံးစွဲနေကြောင်း၊ ဝါမျိုးကို အိန္ဒိယမှ တင်သွင်းဟန်ရှိကြောင်း၊ တရုတ်ပြည်တောင်ပိုင်း၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံများသို့ ကူးသန်းရောင်းဝယ်သော တောင်ပိုင်းလမ်းကြောင်းမှ ဝင်လာခြင်းဖြစ်ကြောင်း စသည်ဖြင့် ဂစ်လ်ဟန် (Gillhametal. 1995)က ဆိုသည်။ ထိုသို့ဝင်လာသောဝါမျိုးမှာ ဂေါ့စီပီယံ အာဘိုးရီယံမျိုး (ဝါကြီး၊ ဝါလေးမျိုး)ဖြစ်သည်။

ပျူခေတ်မှ ဟန်လင်းကို တူးဖော်ရာတွင် ခေးမြှောင်အသွားနှင့် ကပ်နေသော အဝတ်စကို တွေ့ရသည်။ ထိုတွေ့ရှိချက်ကို တန်သမိုင်းဟောင်းက ထောက်ခံရာကျသည်။ တန်သမိုင်းဟောင်း (Old Tang History) တွင်လည်း "ပျူခေတ်တွင် ခါးကိုပတ်၍ ဝတ်သောအဝတ်အထည်သည် ဝါဂွမ်းဖြင့်လုပ်ထားကြောင်း" ဖော်ပြထားသည်။ ဖော်ပြပါ အကြောင်းချက်များကို အက်စ်ဖရေဇာ-လူး (Sylviva Farazer Lu)ဆိုသူက မြန်မာလက်မှုပညာ ပစ္စည်းစာအုပ်တွင် ဖော်ပြထားသည်။

ဂျီအီး၊ ဟာဗေးရေးသားသော မြန်မာ့သမိုင်းတွင် မြန်မာ့အဝတ်အထည်အကြောင်းကို ဤသို့ ဖော်ပြထားသည်။ "အခြားမည်သည့်နေရာတွင်မှ မတွေ့ဖူးသော အထည်စ (Cloth)ကို တွေ့ရသည်။ ထိုအထည်စဖြင့် ချုပ်လုပ်သော အဝတ်အထည် (Dress)သည် အလွန်ပါးလွှာပြီး ပေါ့ပါးသဖြင့် ချိတ်တံဆိပ်ရိုက်နှိပ်သောကွင်း (Signet-ring)ထဲသို့ပင် ဖြတ်သွားနိုင်သည်။ ထိုအထည်ကို ဝါဂွမ်းဖြင့် ပြုလုပ်သည်။

*စာမျက်နှာ ၁၇ သို့*

*** ပျူခေတ် အေဒီ ၉၀၀ မှ ကုန်းဘောင်ခေတ်အကုန် ၁၈၈၆ အထိ ဝါစိုက်ပျိုးမှုနှင့် ဝါချည်ထည် သုံးစွဲမှုတို့သည် တဖြည်းဖြည်း ကျယ်ပြန့်လာဟန်ရှိသည်။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံ ယူနန်ပြည်နယ်သို့ ပို့ကုန်မှာ အဓိကအားဖြင့် ဝါဂွမ်းဖြစ်ခဲ့သည်။ ဝါဂွမ်းပို့ကုန်မှ အကျိုးအမြတ်များစွာရရှိသော ဒတ်ချ်၊ အင်္ဂလိပ်နှင့် ပြင်သစ်ကုန်သည်များသည် ကုန်သွယ်ရေးရုံး ဖွင့်လှစ်ခွင့် ရရှိရေးအတွက် အပြိုင်အဆိုင် ကြိုးစားခဲ့ကြသည်။ မင်းတုန်းမင်းလက်ထက်တွင် ဝါဂွမ်းကူးသန်းရောင်းဝယ်မှု အထူးရှင်သန်ခဲ့သည်။ မင်းတုန်းမင်းသည် ဝါကို တော်ဝင်သီးနှံ (Royal Crop)အဖြစ် ကြေညာပြီး တစ်ဦးတည်းချုပ်ကိုင်သောစနစ် (Monopoly) ကို ကျင့်သုံးခဲ့သည်။ ထိုကာလတွင် အထက်မြန်မာနိုင်ငံမှ ဝါဂွမ်းပိဿာ ၇၇ သိန်း ထွက်ရှိပြီး ယူနန်သို့ ၂၀ မှ ၅၇ သိန်းအထိ တင်ပို့နိုင်ခဲ့သည်ဟုဆို**

# ၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**ပဲခူး မေ ၉**

၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၉ ရက် နံနက်ပိုင်းက ပဲခူးမြို့ ဥဿာမြို့သစ်ရှိ တိုင်းဒေသကြီးအားကစားဥယျာဉ်မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပိုက်ကျော်ခြင်းပြိုင်ပွဲအား ဒေသတွင်း အသက်အရွယ်အလိုက် ထူးချွန်အားကစားသမားများ မွေးထုတ်ပေးနိုင်ရန်၊ လူငယ်လက်ရွေးစင်အဆင့်မှသည် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားများအဖြစ် မွေးထုတ်နိုင်ရန်၊ မြန်မာ့ပိုက်ကျော်ခြင်း အားကစားကျယ်ပြန့်စွာတိုးတက်မြင့်မားရေးကို အထောက်အကူပြုစေရန်နှင့် မြို့နယ်အသီးသီးမှ ပိုက်ကျော်ခြင်း အားကစားသမားအချင်းချင်း သွေးစည်းညီညွတ်မှု စိတ်ဓာတ်ဖြင့် ထူးချွန်ထက်မြက်သော လူငယ်သွေးသစ် ပိုက်ကျော်ခြင်းအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်ကြသည့် အားကစားသမားများကလည်း စည်းကမ်းတကျ၊ စနစ်တကျရှိစွာဖြင့် မိမိမြို့နယ် ပိုက်ကျော်ခြင်းအသင်း အောင်မြင်မှုရရှိစေရေး ကြိုးစားယှဉ်ပြိုင် သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ ဘင်ခရာတပ်ဖွဲ့က သရုပ်ပြတီးမှုတ်ဖျော်ဖြေခဲ့ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အုတ်တွင်းမြို့နယ် အသင်းနှင့် ထန်းတပင်မြို့နယ် အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို မေ ၉ ရက်မှ ၁၃ ရက်အထိ အုပ်စု(၈) အုပ်စုခွဲ၍ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်မှ ပြိုင်ပွဲဝင်အသင်း ၂၈ သင်းတို့က အုပ်စုပတ်လည် ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# "နှုတ်ဆက်မယ့်နွေ" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်




**နေပြည်တော် မေ ၉**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတ ဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် မေ ၁၀ ရက် (သောကြာနေ့) ည ၉ နာရီခန့်တွင် "နှုတ်ဆက်မယ့်နွေ" တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါတေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီ ရဲအောင်နှင့်အတူ နာမည် ကျော်တေးသံရှင်များဖြစ်ကြသည့် အောင်နိုင်၊ စိုးထက်အောင်၊ စောဒယ်နီရယ်၊ ချစ်စုစံ၊ ချိုမီမီဇော်၊ ရေဂျီးနား၊ မြင့်မြတ်သူ ၊ ဖူးကေရီဆောင်းနှင့် ရွှေဘုံသံသာ တို့က ကုန်ဆုံးတော့မယ့် နွေရာသီနှင့် လက်ကျန်နွေရက်များ၊ နှုတ်ဆက်တော့မည့် နွေအလှပုံရိပ်များ၊ ပြီးဆုံးတော့မည့် နွေမှတ်တမ်း/နွေအလွမ်းပုံရိပ်များအား သီကုံးဖွဲ့ဆိုထားသည့် တေးသီချင်းကောင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို မေ ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# MoU လုပ်သားများကို ထိုင်းနိုင်ငံသို့ လေကြောင်းခရီးစဉ်ဖြင့် နေ့စဉ်ပုံမှန် စေလွှတ်ပေးနေ

**ရန်ကုန် မေ ၉**

MoU လုပ်သားများကို ထိုင်းနိုင်ငံသို့ လေကြောင်းခရီးစဉ်ဖြင့် ပြီးခဲ့သည့်လ နောက်ဆုံးပတ်ကစတင်ကာ နေ့စဉ်ပုံမှန် စေလွှတ်ပေးနေကြောင်း မြန်မာပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MOEA)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

